ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ကဆုန်လပြည့်ကျော် ၁၂ရက်၊ စနေနေ့၊ (15-5-2004) (၄၂၃၄)

ခန္တီ စ
တော် မင်္ဂလ မုတ္တမံ။

သည်းခံခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ပြီး ဒေသတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်လျက်ရှိ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ကျေးသီးမြို့နယ်ဖွံ့ဖြိုးရေး လှည့်လည်စစ်ဆေး

ရန်ကုန် မေ ၁၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် မေ ၁၀ရက် နံနက် ၇နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့ နယ်မြေခံတပ်ရင်းခန်းမဆောင်၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကာ တပ်ရင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်မြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူ များလိုက်ပါလျက် ကျေးသီးမြို့ စတုသီသမဟာဝိဟာရ နှစ်မိုင်ဝတ် ပေါင်ဘုန်းကြီးကျောင်းသို့ သွားရောက်၍ သက်တော်(၁၀၁)နှစ် သိက္ခာတော်(၈၁)ဝါရှိ ရှမ်းပြည်နယ် ဩဝါဒါစရိယ ဝတ်ပေါင်ကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဇဝနအား ဖူးမြော်ကြည်ညိုပြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက သာသနာရေး ဆိုင်ရာများ လျှောက်ထားကာ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့သည် ကျောင်းတိုက်အတွင်းရှိ ဒက္ခိဏ သာခါပုံတူ ရှေးဟောင်းဆင်းတု တော်အား ဖူးမြော်ကြည်ညိုပြီး သံဃာ တော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့သည် ကျေးသီး မြို့နယ် အခြေခံပညာအထက်တန်း ကျောင်းသို့ သွားရောက်၍ အသစ် ဆောက်လုပ် ပြီးစီးပြီဖြစ်သော ကွန်ပျူတာခန်း၊ သင်ထောက်ကူ စာသင်ခန်းများနှင့် လက်တွေ့ခန်း တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုဦး နှင့် မြို့နယ်ပညာရေးမှူး ဒေါ်နန်း ရွှေနှင်းတို့က ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

နံနက် ၁၀ နာရီတွင် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးသည် ကျေးသီးမြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်း အဝေးခန်းမ၌ မြို့နယ်အဆင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ ရာ ရှေးဦးစွာ ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးစိန်သင် နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးသီးမြို့နယ်အတွင်း ဌာနအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုး မွေးမြူရေး၊ လမ်းပန်းဆက်သွယ် ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှု ရေးဆိုင်ရာလုပ်ငန်းများ အကောင်

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❍

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၄

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကို ဇွန် ၂၆ရက်မှ ဇူလိုင် ၃ရက်အထိ မြန်မာ့ ကျောက်မျက်ရတနာ ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေနှင့် အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက် မျက်ရတနာများ တူးဖော်ထုတ် လုပ်သည့် လုပ်ငန်းဆောင်ရွက် လျက်ရှိသည့် နိုင်ငံသားများ၊ လိုင်စင်ရယူ၍ နိုင်ငံခြားငွေဖြင့် ကျောက်မျက်ရတနာ ရောင်းချ ခြင်းလုပ်ငန်းများဆောင်ရွက်လျက် ရှိသည့် နိုင်ငံသားများအား သတ် မှတ်ချက်များနှင့်အညီ ကျောက် စိမ်း၊ ကျောက်မျက် အထူးရောင်း ချပွဲ သို့ တက်ရောက်ဝယ်ယူခွင့် ပြုမည်။

ထို့အပြင် မြန်မာ့ကျောက်မျက် ရတနာဥပဒေနှင့်အညီ လိုင်စင် ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက် လျက်ရှိသည့် နိုင်ငံသားလုပ်ငန်း ရှင်များအား ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲ ကာလအတွင်း ရောင်းချပွဲ ကျင်းပ မည့် မြန်မာ့ကျောက်မျက်ရတနာ ခန်းမ မြေညီထပ်တွင် ကျောက် မျက်ရတနာများ ရောင်းချနိုင်ရန် အရောင်းကောင်တာများ စီစဉ် ပေးမည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❀

ငမိုးရိပ်တံတား(ကမာကြည်) ပန္နက်တင်မင်္ဂလာ ကျင်းပ သဃ်န်းကျွန်းမြို့နယ်နှင့် သာကေတမြို့နယ်တို့ကို ဆက်သွယ်နိုင်မည်

ရန်ကုန် မေ ၁၄

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်မည့် ငမိုးရိပ်တံတား(ကမာကြည်) ပန္နက်တော်တင် ရတနာပိုင်တိုင်စိုက်ထူခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ချောင်းကမ်း ကမာကြည်လမ်းထိပ်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❒

ရတနာပိုင်တိုင် ရိုက်သွင်း

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ငမိုးရိပ်တံတား(ကမာကြည်) ပန္နက်တော်တင် ရတနာပိုင်တိုင် စိုက်ထူခြင်း အခမ်းအနားတွင် ပိုင်ရိုက်စက်ကို ခလုတ်နှိပ်၍ ရတနာပိုင်တိုင်အား ရိုက်သွင်းပေးစဉ်။

(ဆောက်လုပ်ရေး)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၅-၅-၂၀၀၄
(စနေနေ့)

အတ္တပရ မျှတစွာအကျိုးဖြစ်ထွန်းစေရေး မှန်ကန်သော ကုန်သွယ်မှုလမ်းကြောင်းအတွင်းမှ ဆောင်ရွက်

မြန်မာနိုင်ငံတော်သည် ရေမြေသဘာဝ သယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ ထုတ်ယူသုံးစွဲ၍ မကုန်အောင် ဖြစ်တည်နေသည်။ လူသားအရင်းအမြစ်နှင့် အတတ်ပညာ၊ နည်းပညာများ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် သဘာဝသယံဇာတများကို နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ထုတ်ယူသွားနိုင်မည် ဖြစ်သည်။

နိုင်ငံတော်၏စီးပွားရေး အရှိန်အဟုန် မြင့်မြင့်မားမား တိုးတက်လာစေရေးတွင် ကုန်ထုတ်လုပ်မှု စွမ်းအားတိုးမြှင့်ရေးနှင့် နိုင်ငံတော်၏ သဘာဝအရင်းအမြစ် သယံဇာတများကို တန်ဖိုးမြှင့်ထုတ်လုပ်သုံးစွဲရေးတို့သည် အရေးပါသည့်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။

နိုင်ငံတော်၏ သဘာဝအရင်းအမြစ် သယံဇာတများအနက် သတ္တုကဏ္ဍသည် နိုင်ငံတော်စီးပွားရေး တိုးတက်ဖြစ်ထွန်းစေရေးတွင် ထုထည်ပမာဏကြီးမားပြီး အရေးပါလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် မေလ၄ရက်နေ့က မိုးကုတ်မြို့သို့ ရောက်ရှိစဉ် မိုးကုတ်မြို့ မဏိရတနာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာတွင် ရတနာလုပ်ငန်း၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **ရတနာလုပ်ငန်းနှင့် ဆက်နွှယ်လျက် ရှိကြသူများအားလုံးအနေဖြင့် ရိုးသားဖြောင့်မတ်စွာ မိမိအကျိုးနှင့် နိုင်ငံတော်၏ အကျိုးဖြစ်ထွန်းစေရေးအတွက် အတ္တပရမျှတစွာဖြင့်သတ်မှတ်ထားသော စည်းမျဉ်း၊စည်းကမ်း၊ ဥပဒေများနှင့်အညီ မှန်ကန်သော ကုန်သွယ်မှုလမ်းကြောင်းအတွင်းမှ ဆောင်ရွက်ကြရန်** မှာကြားသွားသည်။

မိုးကုတ်ရတနာမြေသည် မြန်မာဘုရင်များလက်ထက်ကပင် ရတနာမြေအဖြစ် ထင်ရှားခဲ့သည်။ သဘာဝအလျောက် ဖြစ်တည်နေသော အဖိုးတန် ကျောက်မျက်ရတနာများကို နှစ်ပေါင်းရာချီ၍ထုတ်လုပ်ခဲ့ပြီး ယနေ့တိုင်ထုတ်ယူသုံးစွဲနိုင်လျက်ရှိသည်ကို တွေ့ရသည်။

နိုင်ငံတော်အစိုးရက မိုးကုတ်ရတနာမြေတွင် ရတနာတူးဖော်ခွင့်ကို လုပ်ကွက်များ သတ်မှတ်ချပေးလျက်ရှိသည်။ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းမှာ ရိုးသားဖြောင့်မတ်မှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု ရှိသည်နှင့်အမျှ အဖိုးတန်ရတနာများ ထိုက်ထိုက်တန်တန် တူးဖော်ရရှိပြီး အကျိုးများစွာ ဖြစ်ထွန်းနိုင်သည့် လုပ်ငန်း ဖြစ်သည်။

မိုးကုတ်မြို့နယ်အနေဖြင့် ရတနာလုပ်ငန်းအပြင် စိုက်ပျိုးရေးလုပ်ငန်းကဲ့သို့သော အခြားစီးပွားရေးလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်သင့်သည်။ ဒေသဝမ်းစာဖူလုံမှု ယခုထက် ပိုမိုတိုးတက်လာရေး၊ ကော်ဖီ၊လက်ဖက်စိုက်ပျိုးရေး ရည်မှန်းချက်ကေများပြည့်မီစွာ စိုက်ပျိုးနိုင်ရေး ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

မြို့နယ်အဆင့်တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်က ချမှတ်ပေးထားသော စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရေး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဝီရိယစိုက်ထုတ်ကြိုးပမ်း အကောင်အထည်ဖော်ကြရမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများသာမက မြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းပါဝင်မှုအားကိုပါရယူ ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် တိုးတက်ဖြစ်ထွန်းမှုများ ပိုမိုမြန်ဆန်လာမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသအခြေအနေပေးမှုအရ ရတနာလုပ်ငန်းနှင့် ဆက်နွှယ် လုပ်ကိုင်ကြသူများအနေဖြင့် မိမိအကျိုး၊ နိုင်ငံတော်၏ အကျိုး အတ္တပရမျှတစွာ ဖြစ်ထွန်းစေရေးအတွက် သတ်မှတ်ထားသောစည်းမျဉ်း၊စည်းကမ်း၊ ဥပဒေများနှင့်အညီ မှန်ကန်သောကုန်သွယ်မှုလမ်းကြောင်းအတွင်းမှ ဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူအသီးသီးတို့က မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဝီရိယစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်ကြေးမုံကတိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် တောင်ကြီးနှင့် လွိုင်ကော်၌လုပ်ငန်းများစစ်ဆေး

ရန်ကုန် မေ ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ၁၂ရက် နံနက်၉နာရီကရှမ်းပြည်နယ်(တောင်းပိုင်း) တောင်ကြီးမြို့ရှိ နမ့်လတ်ပြန်လည်ထူထောင်ရေးစခန်းသို့ ရောက်ရှိရာ ခေတ္တစခန်းမန်နေဂျာ ဦးခွန်ကျော်စိန်က စခန်း၏ အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက စခန်းကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မွန်းတည့် ၁၂နာရီတွင် တောင်ကြီးမြို့ မူလတန်းကြိုကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်မီးသတ်ဦးစီးဌာနသို့ ရောက်ရှိရာ ပြည်နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်က ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တောင်ကြီးမြို့ မူးယစ်ဆေးစွဲသူများ ကုသရေးဆေးရုံနှင့် တောင်ကြီးမြို့ ပရဟိတ အမျိုးသမီးရိပ်သာသို့ သွားရောက်၍ အဝတ်အထည်နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မေ ၁၃ရက်တွင် ရွှေပြည်အေး လူငယ်များ ပြုစုပျိုးထောင်ရေးဌာနကို ကြည့်ရှုစစ်ဆေးပြီး လွိုင်ကော်မြို့ မူလတန်းကြိုကျောင်းသို့ရောက်ရှိရာခေတ္တပြည်နယ်ဦးစီးမှူးဒေါ်ဝင်းဝင်းမာက ပြည်နယ်လူမှုဝန်ထမ်းလုပ်ငန်းရပ် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပြည်နယ် မီးသတ်ဦးစီးဌာနသို့ ရောက်ရှိရာ ပြည်နယ် မီးသတ်ဦးစီးမှူး ဦးမြသန်းက လုပ်ငန်းဆောင်ရွက်ချက် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လွိုင်ကော်မြို့ ပရဟိတဂေဟာသို့သွားရောက်၍အဝတ်အထည်နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

မေ၂ရက်က အမှတ်(၁၀)သီရိဂုဏ်ရည်ခြံ ဆရာစံမြောက်အနောက်ရပ်ကွက် ဗဟန်းမြို့နယ်နေ သီဟသုဓမ္မမဏိဇောတဓရဦးတင်ရွှေ-ဒေါ်ကြည်ကြည်မိသားစုတို့က ဒေါ်ကြည်ကြည်၏ (၆၈)နှစ်မြောက် မွေးနေ့အလှူငွေကျပ် ၄၀၆၈၀၀ကို ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးမြင့်ဟန် လက်ခံယူစဉ်။ (က-ပ)

အမျိုးသားရေးဆောင်ပုဒ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

ရန်ကုန် မေ ၁၄

အမျိုးသားရေး ဆောင်ပုဒ်စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၄ခုနှစ်အတွက် (၁၅)ကြိမ်မြောက် ကျင်းပပေးမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

ပါဝင်ယှဉ်ပြိုင်နိုင်

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသောခေါင်းစဉ် မှာ "ဖွံ့ဖြိုးဝေစည်မြန်မာပြည်" ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည်(၁၀ x ၁၂)လက်မထက် မငယ်သောအရွယ်အစား (Print)ပုံ လေးပုံအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပေးပို့ရမည်

ပြိုင်ပွဲဝင် ဓာတ်ပုံများကို မိမိကိုယ်တိုင် ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့် အကြောင်းအရာ (Caption)အပြည့်အစုံ ပါရှိရမည်။ ဓာတ်ပုံများပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကိုပူးတွဲ ပေးပို့ရမည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ ပြိုင်ပွဲတွင် ဆုရရှိသောဓာတ်ပုံပညာရှင်များ၏ အမည်စာရင်းကို နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆုရရှိသူများအား အခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာအုပ်များဖြန့်ချိ

ရန်ကုန် မေ ၁၄

မြန်မာ့မှတ်သုံဇာစ်မြစ်၊ ဖြစ်စဉ်များ၊ ထူးခြားချက်များကို ဖော်ပြပြီး မြန်မာ့မှတ်သုံ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်အခြေအနေများနှင့် သဘာဝက ပေးထားသော အကာအကွယ်များကို ထုတ်ဖော်အသိပေးထားသည့် နိုင်ရွှေမိုး၏ မြန်မာ့မှတ်သုံ စာအုပ်၊ ပျူ၊ သက်၊ ကတူး၊ ချင်း၊ မြန်မာစသော တိုင်းရင်းသားလူမျိုးများ၏ ရှေးဦးသမိုင်းဖြစ်ရပ်မှန်များကိုဖော်ထုတ်ရာ၌ အထောက်အကူပြုနိုင်သည့် မောင်ကျော်ရှင်း၏ မြေတူမြို့စာအုပ်၊ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်း ယဉ်ကျေးမှုကို သိရှိလေ့လာလိုသူများ၊ ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများနှင့် သုတေသီများအတွက် ဒေါက်တာသက်လွင်၏ပုဂံအနောက်ခရီးတစ်ခေါက်စာအုပ်၊ လူငယ်များ၏ ဘဝတိုက်ပွဲကို ဖြောင့်မတ်သောယုံကြည်ချက်၊ မွန်မြတ်သောခွန်အားသတ္တိတို့ဖြင့် ရင်ဆိုင်ကျော်လွှား ဖြတ်သန်းမှုများကို ဝတ္ထုတို့ဖြင့် စုစည်းတင်ပြထားသည့် စိုးတင့်ထူး (မအူပင်)၏ နှင်းဆီညနှင့် အခြားလူငယ်ဝတ္ထုတိုများ စာအုပ်၊ စကားလက်ဆောင်၊ မနေ့ကဖိုးထောင်၊ အဖြူရောင်ပီတိ၊ အမေနှင့် ရွှေအိုးများစသည့် ဝတ္ထုတို ၁၂ပုဒ်ဖြင့် စုစည်းတင်ပြထားသည့် ခင်ခင်ကျော်(ပညာရေး)၏ နှလုံးသားမြို့ဟောင်းတစ်နေရာနှင့်အခြား ဝတ္ထုတိုများစသည့် စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာအုပ်များကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါ စာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန်စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ် (ဒုတိယထပ်) စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့် နယ်စာပေဗိမာန် စာအုပ်ကိုယ်စားလှယ်များထံတွင် ဝယ်ယူနိုင်သည်။

(သတင်းစဉ်)

အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်း ဆင်း

ရန်ကုန် မေ ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ အရန်မီးသတ်တပ်ဖွဲ့ မွမ်းမံသင်တန်း အမှတ်စဉ်(၄/၂၀၀၄) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက်၇နာရီတွင် မီးသတ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် စံပြဆု၊ စစ်ရေးပြထူးချွန်ဆုနှင့် မီးသတ်ပညာထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်သည်။ အရန်မီးသတ်တပ်ဖွဲ့ မွမ်းမံသင်တန်း အမှတ်စဉ် (၄/၂၀၀၄) သို့ သင်တန်းသား ၉၇ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်သည်။ (သတင်းစဉ်)

အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်း အမှတ်စဉ်(၄/၂၀၀၄) သင်တန်းဆင်းပွဲ အခမ်းအနားတွင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်စဉ်။ (မီးသတ်ဦးစီး)

မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်မှုတိုးမြှင့်ရေးဆွေးနွေး

ရန်ကုန် မေ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး (၁) ဒေါက်တာမောင်မောင်လေး နှင့် ဗဟိုအလုပ်အမှုဆောင် ဦးထွန်းအောင်တို့ အား မေ၁၂ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံရုံးမှ Mr. Md. Aftabuzzaman, (Commercial Counselor) သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက် တွေ့ဆုံပြီး နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ကုန်သွယ်ရေးနှင့် စာရင်းမှတ်ကုန်သွယ်ရေးဆိုင်ရာကိစ္စများ၊ ပို့ကုန်သွင်းကုန်ဆိုင်ရာ ကိစ္စများ၊ နယ်စပ်ဒေသများမှတစ်ဆင့် အရည်အသွေး မပြည့်မီသည့် ဆေးဝါးများ တင်ပို့ ရောင်းချခြင်းမပြုလုပ်နိုင်ရန် အတွက် နှစ်ဦးနှစ်ဖက် ထိန်းသိမ်းရန်ကိစ္စ၊ ကုန်ပစ္စည်းပြပွဲများ ကျင်းပခြင်းဆိုင်ရာကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

မေလ ၁၇ ရက် ပြန်လည်ကျင်းပမယ့် အမျိုးသားညီလာခံကြီး

ဓအာင်မိုးခံ

မြန်မာနိုင်ငံဟာ လွတ်လပ်ရေးနဲ့အတူ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ မီးလောင်ကျွမ်းမှုဒဏ်ကို တစ်မျိုးသားလုံး ခါးစည်းခံလာခဲ့ရပါတယ်။ ဒါကြောင့် ဒုတိယကမ္ဘာစစ်ကြီးအဝင်အထွက်ဒဏ်ကို နှစ်ကြိမ်တိုင် မရှုမလှ ခံလာခဲ့ရတဲ့ မြန်မာနိုင်ငံဟာ အခုလို ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခ မီးလောင်ကျွမ်းမှုဒဏ်ကိုပါ ဆက်လက်ခံလာရတဲ့အတွက် သွေးအားနည်းရောဂါ ကပ်ငြိတဲ့ လူမမာအလား စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးတွေ ဆုတ်ယုတ်ကျဆင်းလာခဲ့ရပါတယ်။ ဒီအပေါ် ဆင်ခြင်သိမြင်တဲ့ တည်ဆဲတပ်မတော်အစိုးရဟာ ၁၉၈၈ခုနှစ် နိုင်ငံတော်အာဏာကို မလွှဲမရှောင်သာ ရယူခဲ့ပြီးနောက် အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးနဲ့ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို မနားမနေ ကြိုးပမ်းတည်ဆောက်လာခဲ့ပါတယ်။ အထူးသဖြင့် တစ်မျိုးသားလုံးသင့်မြတ်စည်းလုံးစွာ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ထောင်ရေး၊ စီးပွားရေးကုန်လုပ်စွမ်းအားစုများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုဘဝမြင့်မားရေးတွေကို ဦးစားပေးကြိုးပမ်းလာခဲ့ပါတယ်။

လွတ်လပ်ရေးသက်တမ်းတစ်လျှောက် မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မယ်ဆိုရင်လည်း နိုင်ငံရေးမတည်မငြိမ်ဖြစ်ပြီး စီးပွားရေး ဆုတ်ယုတ်ပျက်ပြားတဲ့အချိန်မျိုးမှာ တပ်မတော်က ဝင်ရောက်တာဝန်ယူရတာကို တွေ့နေရပါတယ်။ **ဒါကြောင့် တပ်မတော်အစိုးရတွေဟာ နိုင်ငံရေး မတည်မငြိမ်ဖြစ်ပွားမှု၊ စီးပွားရေး ဆုတ်ယုတ်ပျက်ပြားမှုတွေကို လွန်မြောက်ဖို့ ကြိုးပမ်းရမြဲဖြစ်ပါတယ်။**

ဒီကနေ့ တည်ဆဲတပ်မတော်အစိုးရရဲ့ ကြိုးပမ်းမှုကြောင့် အစိုးရအဆက်ဆက်ကို နှစ်ရှည်ကြာစွာ လက်နက်ကိုင် ပုန်ကန်ခြားနားလာခဲ့တဲ့ လူမျိုးစု တောတွင်းလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့တို့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာခဲ့ကြပါတယ်။

ယခင်အစိုးရအဆက်ဆက်တို့ မဆောင်ရွက်နိုင်ခဲ့တဲ့ အမျိုးသားပြန်လည်သင့်မြတ် စည်းလုံးရေးကို ရရှိလာတာဖြစ်ပါတယ်။ နိုင်ငံထူထောင်ရေးလုပ်ငန်းတွေလည်း နယ်စပ်ဒေသများပါမကျန် ဘယ်ခေတ်ဘယ်အခါနဲ့မှ မတူအောင် ပြောင်းလဲတိုးတက်လာခဲ့ပါတယ်။ ဒါကြောင့်လည်း တည်ဆဲတပ်မတော်အစိုးရဟာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၇)ရပ်ကို ပီပြင်စွာ ချမှတ်အကောင်အထည်ဖော်လာနိုင်ခဲ့တာ ဖြစ်ပါတယ်။

မကြာခင် မေလ ၁၇ ရက်နေ့ ပြန်လည်ကျင်းပတော့မယ့် အမျိုးသားညီလာခံကြီးဟာ နိုင်ငံတော်ရဲ့ ရှေ့လုပ်ငန်းစဉ် (၇)ရပ်တွင် ပထမဆုံးအခြေခံအဆင့်– ပထမဆုံး ခြေလှမ်းဖြစ်သလို ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးကို အဆုံးအဖြတ်ပေးမယ့် ညီလာခံကြီးလည်းဖြစ်ပါတယ်။ ဒီညီလာခံကြီးဟာ မြန်မာ့သမိုင်းမှာ အမျိုးသားအင်အားစုအသီးသီး အစုံညီဆုံး အမျိုးသားညီလာခံကြီးလည်း ဖြစ်ပါတယ်။

ဒါပေမယ့် အခုလို အမျိုးသားပြန်လည်သင့်မြတ်စည်းလုံးရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးကို ရှေးရှုကျင်းပတဲ့ အမျိုးသားညီလာခံကြီးကို ဆန့်ကျင်ပုတ်ခတ်နေတဲ့ အင်အားစုအချို့လည်း ရှိနေပါသေးတယ်။ ဒီအင်အားစုတွေဟာ မိမိတို့ကိုယ်တိုင်လည်း မစွမ်းဆောင်နိုင်၊ နိုင်ငံတော်အစိုးရက ကျင်းပပေးပြန်တော့လည်း ဆန့်ကျင်တယ်ဆိုရင် သင့်မြတ်ရေးလမ်းကြောင်းပေါ် ရောက်မလာဘဲ၊ ဖြတ်သန်းလာခဲ့ရတဲ့ အဆိုးမြင်သံသရာမှာပဲ ကျင်လည်နေဦးမယ်ဖြစ်ပါတယ်။ အဲဒီလို အဆိုးမြင်လုပ်ရပ်တွေဟာ အမျိုးသားညီလာခံကြီးကိုသာမက ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးလုပ်ငန်းစဉ်အဆင့်ဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးအောင်မြင်စွာ ကျင်းပပြီးစီးသည့်အခါ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖြစ်ထွန်းလာရေးအတွက် လိုအပ်သောဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်ခြင်း၊ အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခြင်း၊ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်း၊ လွှတ်တော်က ရွေးကောက်တင်မြှောက်သော နိုင်ငံတော်အကြီးအကဲများနှင့် လွှတ်တော်က ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နှင့် အာဏာပိုင်အဖွဲ့အစည်းများက ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ခြင်းတို့ကိုပါ ဆန့်ကျင်ဖျက်ဆီးရာ ရောက်ပါတယ်။

ဒါကြောင့် အမျိုးသားညီလာခံကြီးမှာ အမျိုးသားရေးကံကြမ္မာကို အမျိုးသားအင်အားစုများ စည်းလုံးညီညွတ်စွာ ဆုံးဖြတ်ဆောင်ရွက်နိုင်ရေး၊ အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်ရေးအတွက် တူညီတဲ့ အခြေခံသဘောထား (၄)ရပ် လိုအပ်ပါတယ်။ ဒါတွေကတော့–

(၁) ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေးလမ်းစဉ်ကို စွန့်လွှတ်ရေး။

(၂) အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေး။

(၃) ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရာတွင် ဝေဒနာပြွမ်းတီးမှု အနည်းဆုံးလမ်းဖြစ်တဲ့ နိုင်ငံတော်ရဲ့ ရှေ့လုပ်ငန်းစဉ် (၇)ရပ်ကို စုပေါင်းလုံ့လပြု အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဦးတည်ကြိုးပမ်းရေး။

နံပါတ်(၄) အချက်ဟာ ဒီမိုကရေစီနိုင်ငံတစ်ရပ် ထူထောင်ရာတွင်အခြေခံကျတဲ့ လူမှုဘဝလိုအပ်ချက်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့–

" စီးပွားရေး ကုန်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ်ပေါ်မှုဟာ လူ့အဖွဲ့အစည်း ရှေ့တန်းတက်လှမ်းရေးရဲ့ အဆင့်အတန်းအမြင့်ဆုံးသော မှတ်ကျောက်ဖြစ်တယ်။ လူ့သမိုင်းဟာ လူတွေရဲ့ စားဝတ်နေရေး ကုန်ထုတ်လုပ်ရေးသမိုင်းသာဖြစ်တယ်။ လူတွေရဲ့ နှလုံးသည်းပွတ်ဟာ စီးပွားရေး၊ ကုန်ထုတ်လုပ်ရေးဖြစ်တယ်။ စီးပွားရေး၊ ကုန်ထုတ်လုပ်ရေးဖွံ့ဖြိုးရင်၊ ဖွံ့ဖြိုးသလောက် ကျန်တဲ့လူမှုနယ်ပယ်တွေဟာလည်း ကျယ်ပြန့်ဝေဆာ တိုးတက်လာတယ်။ လူ့အခွင့်အရေးရှိတယ်၊ မရှိဘူးဆိုတာနဲ့ပတ်သက်လို့ သက်ဦးဆံပိုင်စနစ်လက်အောက်မှာ လူတွေဟာ သူ့ကိုယ်သူ မပိုင်ဘူး၊ ဒီတော့ လူ့အခွင့်အရေးရလိုက်တယ်ဆိုရင် သူ့ကိုယ်သူ ပိုင်တယ်၊ သူ့ထွက်ကုန်ပစ္စည်းတွေကိုလည်း (သက်ဦးဆံပိုင်တွေကို ပေးစရာမလိုတော့ဘဲ) သူအကုန်ပိုင်တယ်။ သူအကုန်ယူတယ်၊ ဒီကရတဲ့အမြတ်နဲ့ တိုးချဲ့ပွားစီး အရင်းအနှီးပြန်စိုက်တယ်။ ထုတ်လုပ်ရေးနဲ့ တိုးချဲ့ထုတ်လုပ်ရေးတွေကို မနားမနေ လုပ်ဆောင်ပြီး လူ့အခွင့်အရေးဟာ စကြဝဠာကိုစိုးမိုးလာတယ်"ဆိုတဲ့ ခေတ်သစ် သိပ္ပံနိုင်ငံရေးဘောဂဗေဒတရားကြောင့် ဖြစ်ပါတယ်။

ဒီကနေ့ နိုင်ငံတကာမှာ ဒီမိုကရေစီထူထောင်ကူးပြောင်းလာတဲ့ နိုင်ငံတွေကို လေ့လာမယ်ဆိုရင်လည်း စီးပွားရေးခြေလှမ်းမမြဲခင် နိုင်ငံရေးလွတ်လပ်မှုတွေကို ရှေ့တန်းတင် ဖွင့်ပေးလိုက်တဲ့ နိုင်ငံတွေမှာ လူမှုဒုက္ခတွေ မရှုမလှ ကြုံတွေ့လာရပြီး၊ စီးပွားခြေလှမ်းမြဲအောင် ဦးစွာကြိုးပမ်းပြီး၊ နိုင်ငံရေးလွတ်လပ်ခွင့်တွေနဲ့ ပေါင်းစပ်ထူထောင်နေတဲ့ နိုင်ငံတွေမှာတည်ငြိမ်စွာ ပြောင်းလဲ တိုးတက်နေမှုက သက်သေပြနေပါတယ်။

ဒါကြောင့် အခြေခံအားဖြင့် အမျိုးသားရေးအကျိုးစီးပွားဟာ စီးပွားရေး ကုန်လုပ်စွမ်းအားစုများ ဖြစ်ပေါ်တိုးတက်မှုအပေါ်မှာ တည်ပါတယ်။ စီးပွားရေးပိတ်ဆို့ အရေးယူမှုဟာ လူ့အခွင့်အရေး ဖောက်ဖျက်မှုသာဖြစ်ပါတယ်။ အမျိုးသားသင့်မြတ်စည်းလုံးမှ နိုင်ငံတော်တည်ငြိမ်အေးချမ်းမယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှသာ ပွားစီးတိုးတက်တဲ့ ထုတ်လုပ်ရေးတွေလုပ်နိုင်မယ်။ ဒါမှသာ ခေတ်မီဒီမိုကရေစီ နိုင်ငံတော်သစ် ဖြစ်ပေါ်လာမယ်ဆိုတဲ့ အမျိုးသားရေးကံကြမ္မာကို လာမယ့် မေလ ၁၇ရက်နေ့ အမျိုးသားညီလာခံကြီးမှာ နိုင်ငံတော်ရဲ့ ရှေ့လုပ်ငန်းစဉ် (၇)ရပ်နဲ့အညီ တစ်စိတ်တစ်ဝမ်းတည်း ဖန်တီးဆုံးဖြတ်သွားနိုင်ပါရန် အထူးတလည် တင်ပြလိုက်ရပါတယ်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက် အလှူရှင်များက စာအုပ်များ လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက စာအုပ်များပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက် အလှူရှင် ပုဇွန်တောင်မြို့နယ်မှ ဒေါက်တာသာထွန်းဦး (တူဒေးစာအုပ်တိုက်)က မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ အုပ်ရေ ၂၀၀၀၊ ကမာရွတ်မြို့နယ်မှ ဦးဇော်မင်းထူး (ပဒေသာစာပေ)က စာအုပ် ၄၀၀၊ ပဲခူးမြို့မှ ဗိုလ်ကြီးခင်ဦးနှင့် ဒေါ်မြမြစိုးတို့က ထိလာစစ်သူ၏ "မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာသော်" စာအုပ် ၅၀၊ ကမာရွတ်မြို့နယ်မှ ဦးနေမျိုးသူရ (တကောင်းစာအုပ်တိုက်)က စာအုပ်မျိုးစုံ ၂၀၄ အုပ်၊ ဗိုလ်တထောင်မြို့နယ်မှ ကဗျာဆရာမင်းရွှေမင်း၊ ဒေါ်တင်စန်း မိသားစုက ထိလာစစ်သူ၏ "မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာသော်" စာအုပ် ၂၅အုပ်၊ မရမ်းကုန်းမြို့နယ်မှ ဒေါ်ဖြူဖြူလွင်နှင့် ဒေါ်နီလာလွင်တို့က ထိလာစစ်သူ၏ "မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာသော်" စာအုပ်၁၃အုပ်၊ စမ်းချောင်းမြို့နယ်မှ ဒေါက်တာဖေဉာဏ်က ထိလာစစ်သူ၏ "မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာသော်" စာအုပ် ၁၀ အုပ်၊ တောင်ဥက္ကလာပမြို့နယ်မှ ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင် ဒေါ်စုလှိုင်နှင်းက မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ၅၂၅ အုပ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်မှ ဦးမျိုးမင်းလှိုင် (ထက်မြက်အောင်စာပေ)က အားကစား ဂျာနယ်မျိုးစုံ ၂၅၀တို့ကိုပေးအပ်လှူဒါန်းရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရှင်းလင်းပြောကြား

ထို့နောက် အလှူရှင်များက စာအုပ်များကို လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စာကြည့်တိုက်များအတွက် ယနေ့ လှူဒါန်းသော စာအုပ်များမှာ စုစုပေါင်း ၃၄၇၇အုပ်ဖြစ်ပြီး စာအုပ်များ၏တန်ဖိုးမှာ ငွေကျပ် ၁၃၁၄၂၅၀ ဖြစ်သည်။

ယနေ့လှူဒါန်းသော စာအုပ်များကို နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်များနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ဖြန့်ဝေပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက် စေတနာရှင် အလှူရှင်များက စာအုပ်များ ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း လက်ခံစဉ်။

(သတင်းစဉ်)

အီရတ်အကျဉ်းသားများအား အမေရိကန်တို့ ညှဉ်းပန်းနှိပ်စက်မှု နိုင်ငံတကာက ထုတ်ဖော်ကန့်ကွက်ရန် မလေးရှားတိုက်တွန်း

ကွာလာလမ်ပူ မေ ၁၃

ဘဂ္ဂဒက်မြို့တော်၌ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုနှင့်စပ်လျဉ်း၍ အမေရိကန်တိုင်းအပေါ် မနှစ်မြို့ခြင်းနှင့် ရွံ့ရှာစက်ဆုပ်ခြင်းတို့ကို နိုင်ငံတကာ အသိုက်အဝန်းက ဆက်လက်ထုတ်ဖော်ကန့်ကွက်ကြရန် မလေးရှားနိုင်ငံက တိုက်တွန်းနှိုးဆော်လိုက်သည်။

တွေ့ဆုံ

ညှဉ်းပန်း နှိပ်စက်မှုများအတွက် တာဝန်ရှိသည့် နိုင်ငံများအား တာဝန်ယူ ဖြေရှင်းစေခြင်းထက်၊ ထိုသို့ဖြစ်ပျက်ခဲ့ခြင်းအတွက် မိမိတို့ မနှစ်မြို့ကြောင်း၊ ရွံ့ရှာစက်ဆုပ်ကြောင်းကို မိမိတို့က ထုတ်ဖော် ပြောကြားနေရမည်ဖြစ်ကြောင်းဖြင့် ပူထရာဂျာယားမြို့၌ အင်္ဂါနေ့က အာရပ်သံအမတ်ကြီးများနှင့် တွေ့ဆုံပြီးနောက် မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆာယက်ဟာမစ်က သတင်းထောက်များအား ပြောကြားလိုက်သည်။

ဤကိစ္စအတွက် ဝမ်းနည်းပါသည်၊ စိတ်မကောင်းဖြစ်မိပါသည်ဟု သူတို့ပြောရုံမျှဖြင့် မလုံလောက်သေးကြောင်း အမေရိကန်လက်နက်ကိုင်တပ်ဖွဲ့များမှ အဆင့်ဆင့်သော တာဝန်ရှိသူများကို လိုအပ်သလို အရေးယူ အပြစ်ပေးရမည်ဖြစ်ကြောင်း မလေးရှား နိုင်ငံခြားရေးဝန်ကြီး ဆာယက်ဟာမစ်က ပြောကြားလိုက်သည်။

သို့မဟုတ်ပါက အမေရိကန်နိုင်ငံသည် သူတို့နှင့် ဘာသာချင်း၊ လူမျိုးချင်း၊ ယဉ်ကျေးမှုချင်း မတူသူများအပေါ် အထင်အမြင်သေးစွာ ဆက်ဆံလာလိမ့်မည်ဟု ပြည်သူတို့က ထင်မြင်လာနိုင်ကြောင်း ၎င်းက ထောက်ပြလိုက်သည်။

ခေါင်းစွပ်ကြီးများ ဖုံးအုပ်ကာ ကိုယ်တုံးလုံးဖြစ်နေသော အီရတ်အကျဉ်းသားများအား ဖမ်းဆီးထားသူများက ညှဉ်းပန်းနှိပ်စက်နေသည့် ဓာတ်ပုံများ ထုတ်ပြန်ခြင်းကြောင့် ကမ္ဘာ့တစ်ဝန်း ဒေါသထွက်၊ မခံမရပ်နိုင်ဖြစ်ပြီး ထိုကိစ္စနှင့် ပတ်သက်၍ အမေရိကန်သမ္မတဘုရှ်နှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်တို့ လွန်ခဲ့သည့် ရက်သတ္တပတ်က ဝန်ချတောင်းပန်ကြရသည် အထိဖြစ်ခဲ့သည်။

အမေရိကန်တိုင်း ဤကိစ္စရပ်နှင့် စပ်လျဉ်း၍ နိုင်ငံအများအပြားနှင့်တကွ နိုင်ငံတကာ အသိုက်အဝန်း၏ တုံ့ပြန်ရှုတ်ချမှုများမှာ မိမိတို့များစွာ အားရကျေနပ်စရာ ဖြစ်သည်ဟု မိမိထင်မြင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဤအရေးမှာ အယူအဆတစ်ခုအတွက် မဟုတ်ဘဲ လူမဆန်သည့်ပြင် နိုင်ငံတကာ ဥပဒေနှင့် ဂျီနီဗာကွန်ဗင်းရှင်းတို့ကို ဆန့်ကျင်ပြီး အကျဉ်းသားများကို ဆက်ဆံပြုကျင့်သည့်အတွက် ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မေ ၁၂ ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းထောင်တွင် ထိန်းသိမ်းထားသူတစ်ဦးကို အမေရိကန် စစ်ရဲတပ်ဖွဲ့ဝင်တစ်ဦးက နေရာပြောင်းရွှေ့ရန်အတွက် ခေါ်ဆောင်လာစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများအား ညှဉ်းပန်းမှု အီရန်သမ္မတဟောင်း ရပ်ဖ်ဆန်ဂျာနီ ရှုတ်ချ

တီဟီရန် မေ ၁၃

အီရတ်အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်ခြင်းမှာ လွန်စွာစက်ဆုပ်ရွံ့ရှာဖွယ်ကောင်းသည်ဟုဆိုကာ အီရန်သမ္မတဟောင်း ရပ်ဖ်ဆန်ဂျာနီက တနင်္လာနေ့တွင် ပြစ်တင်ရှုတ်ချလိုက်ကြောင်း အိုင်အာအင်အေ သတင်းဌာနက ထုတ်ပြန်ကြေညာသည်။

ရှက်ဖွယ်ကောင်း

အီရတ်တွင် လွတ်လပ်မှုရှိပါသည်ဟူ၍ အမေရိကန်တို့က မည်သို့ပင်ကြွားလုံးထုတ်နေစေကာမူ အဂတိလိုက်စားမှု၊ ဝရုန်းသုန်းကားဖြစ်မှုနှင့် သွေးထွက်သံယိုမှုများ ရှိနေခြင်းက ရှက်ဖွယ်ကောင်းကြောင်းဖြင့်လည်း ရပ်ဖ်ဆန်ဂျာနီက ပြောကြားလိုက်သည်။

ထိုမျှယုတ်မာသော အမှုများကို သင့်လျော်သလိုမတားဆီး မတားမြစ်သည့် နိုင်ငံတကာကြက်ခြေနီကော်မတီ(အိုင်စီအာစီ)ကိုလည်း ရပ်ဖ်ဆန်ဂျာနီက ဝေဖန် ပြောကြားသည်။

ဘဂ္ဂဒက်ရှိ အဘူဂါရိပ်အကျဉ်းစခန်း နှင့် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်သည့် ကိစ္စကို နိုင်ငံတကာကြက်ခြေနီကော်မတီက လူသိရှင်ကြားမဖြစ်မီ သုံးလေးလကြိုတင်၍ သိရှိနေကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဝန်ခံထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်အကျဉ်းသားများအား ဗြိတိသျှတပ်ဖွဲ့ဝင်များ ညှဉ်းပန်းမှု စနစ်တကျ စုံစမ်းစစ်ဆေးအရေးယူရန် တရုတ်နိုင်ငံတိုက်တွန်း

ပေကျင်း မေ ၁၃

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုကို တရုတ်နိုင်ငံက အင်္ဂါနေ့တွင် ပြစ်တင်ရှုတ်ချလိုက်ပြီး ယင်းကိစ္စကို စနစ်တကျ စုံစမ်းစစ်ဆေးရန် တိုက်တွန်းလိုက်သည်။

— ချိုးဖောက် —

အီရတ်အကျဉ်းသားများ အရှက်တစ်ကွဲ အကျိုးနည်းစေသည့် တပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်းနှိပ်စက်မှု ဓာတ်ပုံများသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အခြားသော နိုင်ငံတကာဥပဒေများကိုချိုးဖောက်ခြင်းဖြစ်ကြောင်းတရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လူကျင်ကျောက်ကပြောဆိုသည်။

အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုကို စနစ်တကျ စုံစမ်းစစ်ဆေးရမည်ဖြစ်ပြီး ညှဉ်းပန်းနှိပ်စက်မှုကျူးလွန်သူများအား ဥပဒေအရ အရေးယူရမည်ဟု မိမိတို့ထင်မြင်ကြောင်း၊ အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့ အနေဖြင့် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အခြားသောနိုင်ငံတကာ ဥပဒေများကို လေးစားလိုက်နာပြီး အီရတ်အကျဉ်းသားများနှင့် စစ်သုံ့ပန်းများ၏ အခြေခံ လူ့အခွင့်အရေးများကို ထိန်းသိမ်းစောင့်ရှောက်ရန် မိမိတို့တောင်းဆိုကြောင်းဖြင့် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

— ဆန့်ကျင် —

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံက အီရတ်အား အမေရိကန်ကျူးကျော်တိုက်ခိုက်ပြီး သိမ်းပိုက်မှုကိုဆန့်ကျင်ကြောင်းဖြင့် ရိုက်တာသတင်းတွင်ဖော်ပြသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ကန်ကာကွယ်ရေးဝန်ကြီး ရာထူးမှနုတ်ထွက်ရန် ဂျာမနီတောင်းဆို

ဘာလင် မေ ၁၃

အီရတ်အကျဉ်းသားများအား အမေရိကန် တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်မှုနှင့် စပ်လျဉ်း၍ အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ် ရာထူးမှ ထွက်ပေးရန် ဂျာမနီနိုင်ငံ အာဏာရ ညွန့်ပေါင်း အစိုးရမှ ခေါင်းဆောင်များက ဗုဒ္ဓဟူးနေ့တွင် တောင်းဆိုလိုက်သည်။

ဂျာမနီဝန်ကြီးချုပ် ရှရိုးဒါး၏ ဆိုရှယ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဖရန့်နှင့် ပါလီမန်မှ အက်စ်ပီဒီ နိုင်ငံခြားရေးမူဝါဒ သဘောတရားဆိုင်ရာ ကျွမ်းကျင်သူ ဂါးနော့အာလာတို့က အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်အား ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုလိုက်ကြခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၁၂ ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းထောင်တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ဒတ်ချ်တပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိရေးကိစ္စ ပြန်လည်သုံးသပ်သွားမည်ဟု နယ်သာလင်ဝန်ကြီးချုပ်ပြောဆို

အမ်စတာဒမ် မေ ၁၃

အီရတ်နိုင်ငံတွင် ဒတ်ချ်အဖွဲ့ဝင်နှစ်ဦး တိုက်ခိုက်ခံရမှုကြောင့် သေဆုံးရသည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် နယ်သာလင်နိုင်ငံသည် ယင်းနိုင်ငံရှိ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့တွင် ဒတ်ချ်တပ်ဖွဲ့ဝင်များ ဆက်လက်ဖြန့်ချသင့်၊ မသင့်ကိစ္စကို ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း ဒတ်ချ်ဝန်ကြီးချုပ် ဂျန်ပီတာ ဘော်ကန်နန်းက အင်္ဂါနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံတွင် ဒတ်ချ်တပ်ဖွဲ့ဝင်သေဆုံးရမှုအကြောင်းတရားတစ်ရပ်တည်းဖြင့် မိမိတို့၏တပ်ဖွဲ့ဝင်များ ယင်းနိုင်ငံမှ ပြန်လည်ရုပ်သိမ်းခြင်း ဖြစ်မည်မဟုတ်ကြောင်း ဝန်ကြီးချုပ်ကပြောကြားသည်။ အီရတ်နိုင်ငံတောင်ပိုင်းတွင် ဒတ်ချ်တပ်ဖွဲ့ဝင် ၁၃၀၀ဦးတို့ ဖြန့်ကြက်ထားပြီး ဒတ်ချ်တပ်ဖွဲ့ဝင် တစ်ဦးသည် တနင်္လာနေ့က လက်ပစ်ဗုံးဖြင့် ပစ်ပေါက်တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည်။

မိန့်ခွန်းပြောကြား

အီရတ်နိုင်ငံတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားရန်လိုအပ်ကြောင်း ဘော်ကန်နန်းက နိုင်ငံပိုင်ရုပ်မြင်သံကြားမှတစ်ဆင့် မိန့်ခွန်းပြောကြားရာတွင် ဖော်ပြသည်။

အီရတ်နိုင်ငံတွင် အနာဂတ်ကာလ၌ မိမိတို့၏ တပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ရေးကိစ္စမှာ ကုလသမဂ္ဂ၏ ကျယ်ပြန့်သော အခန်းကဏ္ဍပေါ်တွင် တည်မှီမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရတ်ဆိုင်ရာဆုံးဖြတ်ချက်တစ်ရပ်ကိုချမှတ်ပေးရန် လိုအပ်ကြောင်း ၎င်းကပြောကြားသည်။ ***အင်တာနက်။***

အမေရိကန်ဦးဆောင်သည့်တပ်ဖွဲ့ဝင်များကို ဆက်လက်တွန်းလှန်တိုက်ခိုက်ရန်အယ်လ်ဆာဒါပြောကြား

မေ ၁၂ရက်က ဘဂ္ဂဒက်မြို့ အဘူဂါရိပ်အကျဉ်းထောင်တွင် ထိန်းသိမ်းခံထားရသူတစ်ဦးအား စုံစမ်းမေးမြန်းမှုမပြုမီ အမေရိကန်စစ်ဘက်ဆိုင်ရာ အရာရှိတစ်ဦးက ရှာဖွေစစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်(အီရတ်) မေ ၁၃

အီရတ်နိုင်ငံမှ ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါက အမေရိကန်ဦးဆောင်သော အီရတ်နိုင်ငံသိမ်းပိုက်ရေးတပ်ဖွဲ့များကို ဆက်လက်တွန်းလှန်တိုက်ခိုက်သွားရန် သန္နိဋ္ဌာန်ချမှတ်ထားသည်ဟု ဗုဒ္ဓဟူးနေ့က ပြောကြားသည်။ သို့ရာတွင် ရှီးယိုက်ခေါင်းဆောင်များက တိုက်တွန်းပြောကြားလာပါက မိမိ၏ မီဒီလက်နက်ကိုင်တပ်ဖွဲ့ကို ဖျက်သိမ်းမည်ဖြစ်ကြောင်းပြောကြားသည်။

အမေရိကန်နိုင်ငံသားများက အီရတ်နိုင်ငံမှထွက်ခွာရန်လိုလားပါက ငြိမ်းချမ်းမှုရှိနိုင်ကြောင်း၊ သို့ရာတွင် အီရတ်နိုင်ငံတွင် ၎င်းတို့ဆက်လက်နေထိုင်ခြင်းဖြင့် ငြိမ်းချမ်းမှု မရနိုင်ဘဲ အကြမ်းဖက်မှုများသာ ပြန့်ပွားလာနိုင်သည်ဟု ဆာဒါက နာဂျက်ဖ်တွင်ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့များ၏ မည်သည့်အရှိန်မြင့်တိုက်ခိုက်မှုမျိုးမဆို မိမိတို့တွန်းလှန်ရန် အဆင်သင့်ရှိကြောင်း၊ မိမိတို့ တစ်စုံတစ်ရာမျှော်လင့်မှုမရှိကြောင်း သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ထုတ်ဖော်ပြောကြားသည်။

ရှီးယိုက်အုပ်စုများနှင့် နာဂျက်ဖ်တွင် လွန်ခဲ့သည့်နှစ်ရက်ခန့်က ဆွေးနွေးညှိနှိုင်းရာ ထကြွပုန်ကန်မှု အဆုံးသတ်စေနိုင်သည့် သဘောတူညီချက်မျိုးရ၊မရနှင့် စပ်လျဉ်း၍ ဆာဒါကမပြောကြားပေ။ သို့ရာတွင် အီရတ် အကျပ်အတည်း အဆုံးသတ်ရေးကြိုးပမ်းရာတွင် ရိုးသားဖြောင့်မတ်မှုရှိသည့် အုပ်စုများ၏ ကြိုးပမ်းမှုများကို ချီးမွမ်းထောမနာပြုလိုက်ပြီး အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် သဘောထားကွဲလွဲမှုဖြစ်ပေါ်စေရန် ဖန်တီးနေကြောင်း စွပ်စွဲလိုက်သည်။

ရှီးယိုက်ခေါင်းဆောင်များက မီဒီလက်နက်ကိုင်အဖွဲ့ကို ဖျက်သိမ်းရန် အမိန့်ထုတ်ပြန်ခဲ့ပါလျှင် ဆာဒါက လိုက်နာ မည်ကြောင်း ပြောကြားသည်။

မီဒီလက်နက်ကိုင်တပ်ဖွဲ့ဖျက်သိမ်းရေးသည် ရှီးယိုက်ခေါင်းဆောင်များအပေါ် မူတည်နေကြောင်း၊ ၎င်းတို့က အမိန့်ထုတ်ပြန်ပါက မိမိတို့က ဖျက်သိမ်းမည်ဖြစ်ကြောင်း၊ ယင်းသို့မဟုတ်ပါက ၎င်းတပ်ဖွဲ့များက နိုင်ငံတော်အတွက် ဆက်လက်ကာကွယ်မည်ဖြစ်ကြောင်း ဆာဒါက ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်မှ ထွက်ခွာချိန်တွင် မီဒီလက်နက်ကိုင်တပ်ဖွဲ့သည် အီရတ်တပ်မတော်အဖြစ် အသွင်ကူးပြောင်းသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံတွင် ဒီမိုကရေစီတည်ဆောက်ရေး၌ အရေးပါသည့်အခန်းကဏ္ဍမှ ကုလပါဝင်ရန်တိုက်တွန်း

အမ္မန် မေ ၁၃

ကုလသမဂ္ဂအနေဖြင့် အီရတ်နိုင်ငံ၌ဒီမိုကရေစီတည်ဆောက်ရာတွင် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်ရန် အီရတ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများမှ လွှတ်တော်ဥက္ကဋ္ဌများက ဗုဒ္ဓဟူးနေ့တွင် နှီးဆော်လိုက်ကြောင်းဖြင့် နိုင်ငံပိုင်ပီထရာသတင်းဌာနကဖော်ပြသည်။

အီရတ်နိုင်ငံ၏စိုးရိမ်ဖွယ်ရှိသည့် အခြေအနေ အဆုံးသတ်ရေး အရေးပါပုံနှင့် အီရတ်နိုင်ငံ၏ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ဒီမိုကရေစီထိန်းသိမ်းရေး ကိစ္စများကို ဂျော်ဒန်နိုင်ငံ အမ္မန်မြို့တွင် ဗုဒ္ဓဟူးနေ့ကကျင်းပသည့်အစည်းအဝေးတွင်လွှတ်တော်ဥက္ကဋ္ဌများက ပြောကြားသည်။

ရှောင်ပြန်ဟပ်

အမ္မန်အစည်းအဝေးက အီရတ်နိုင်ငံအား အကူအညီဖြည့်ဆည်းပေးမည့် ရည်ရွယ်ချက်ကို ရှောင်ပြန်ဟပ်ခြင်းဖြစ်ကြောင်း အာရပ်ပါလီမန်အမတ်များသမဂ္ဂ အတွင်းရေးမှူးချုပ် နော်ရစ်ဒင်ဘောစ်ကုချ်က ပြောကြားသည်။

အမေရိကန်က အီရတ်နိုင်ငံအား သိမ်းပိုက်ရေးမူဝါဒသည် အရှေ့အလယ်ပိုင်းဒေသအား လွှမ်းမိုးရန်နှင့် ယင်းဒေသ၏နေအင်အားအထူးသဖြင့် ရေနံကို ထိန်းချုပ်ရန် အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အီရတ်နိုင်ငံ ဒီမိုကရေစီနှင့် လွတ်မြောက်ရေးအရေးပါပုံကို လည်းကောင်း၊ အီရတ်နိုင်ငံသိမ်းပိုက်ရေးတပ်ဖွဲ့၏ စွက်ဖက်မှုမပါဘဲနှင့် အီရတ်ပြည်သူများကလွတ်လပ်သည့်အမျိုးသားအစိုးရတစ်ရပ် ရွေးချယ်နိုင်စေရန် လည်းကောင်း ဆီးရီးယားပြည်သူ့ကောင်စီဥက္ကဋ္ဌ မာဟွတ်အေဘရက်ရှ်က အလေးထားပြောကြားသွားသည်။ အီရတ်ပြည်သူလူထု အကျိုးအတွက် ကတိကဝတ်ပြုရန်နှင့် အရေးကြီးသည့်ယခုလိုအချိန်မျိုးတွင် အီရတ်ပြည်သူလူထုကို ထောက်ခံအားပေးရန် အစည်းအဝေးက အတည်ပြုကြောင်း ကူဝိတ်ပါလီမန်ဥက္ကဋ္ဌ ဂျက်ဆင်ခါရာလီကပြောကြားသည်။

ထိပ်တန်းဦးစားပေးလုပ်ငန်း

အီရတ်နိုင်ငံဖွံ့ဖြိုးမှုအတွက် အရှိန်မြှင့်ဆောင်ရွက်ရေးတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးသည် ယခုအစည်းအဝေး၏ ထိပ်တန်းဦးစားပေးလုပ်ငန်းဖြစ်ကြောင်း အီရန်အစ္စလမ္မစ်ကောင်စီဥက္ကဋ္ဌမာဒီကရိုဘီက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



အီရတ်အကျဉ်းသားများနှိပ်စက်ခံရသည့်ပုံများကြည့်ရှုရမှု ငရဲပြည်ရောက်နေသည့်အလား ခံစားရဟု ကန်အမတ်ပြောဆို

ဝါရှင်တန် မေ ၁၃

အမေရိကန် အောက်လွှတ်တော် အမတ်များသည် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအပေါ် အဓမ္မနှိပ်စက်မှုနှင့် အရှက်တကွဲ အကျိုးနည်းစေသည့် ဓာတ်ပုံအသစ်များကို လေ့လာကြည့်ရှုကြရာ အမတ်တစ်ဦးက ငရဲပြည်ရောက်နေဘိသည့်အလားဟု ပုံခိုင်းနှိုင်းပြောကြားလိုက်သည်။

ဓာတ်ပုံများတွင် အကျဉ်းသားများ၌ ခွေးကိုက်ရာဟုထင်မှတ်ရဖွယ်ရှိသည့် ဒဏ်ရာများ၊ သေဆုံးသူများ၏ အလောင်းများ၊ သွေးအေးအေးဖြင့် နှိပ်စက်ညှဉ်းပန်းမှုများနှင့် လိင်ပိုင်းဆိုင်ရာအရ ရှက်ဖွယ်လိလိ နှိပ်စက်ကလူပြုမှုပုံများကို တွေ့မြင်ရကြောင်း ဖော်ပြပါ အမတ်များက ပြောကြားသည်။ယင်းရုပ်သေပုံများနှင့် ဗီဒီယိုပြကွက်များကို လူသိရှင်ကြား မပြသင့်ကြောင်း၊ ယင်းပုံမျိုးကြောင့် ပြည်ပရောက်ရှိနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များအား ဘေးအန္တရာယ်သင့်စေနိုင်ကြောင်း ရီပတ်ဗလီကန်ပါတီမှ အမတ်တစ်ဦးက ပြောကြားသည်။မိမိတို့မြင်တွေ့ရသလောက်ဆိုပါက စိတ်ပျက်စရာ ကောင်းလှကြောင်း၊ မိမိတို့ယခုကြည့်ရသည့် ဓာတ်ပုံများမှာ သတင်းစာများတွင် ဖော်ပြကြသည့် ဓာတ်ပုံများနှင့် ကိုက်ညီကြောင်း အထက်လွှတ်တော်အမတ်ဘီလ်ဖရစ်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အကြမ်းဖက်မှုကိုအားပေးပြီး ဒေသတည်ငြိမ်မှုပျက်ပြားဟု အမေရိကန်၏ မူဝါဒကို ဆီးရီးယားသမ္မတဝေဖန်

မဒရစ် မေ ၁၃

အမေရိကန်အစိုးရ၏မူဝါဒသည် အီရတ်နိုင်ငံတွင် အကြမ်းဖက်မှုပေါ်ထွန်းရေးအတွက် အားပေးအားမြှောက်ပြုနေပြီး ဒေသတွင်းတည်ငြိမ်မှုမရှိစေရန် ပြုလုပ်နေခြင်းသာဖြစ်ကြောင်း ဆီးရီးယားသမ္မတ အယ်လ်အာဆတ်က ပြောကြားလိုက်သည်။

ဝါရှင်တန်ရှိ အစိုးရတာဝန်ရှိသူအချို့က ဆီးရီးယားနှင့်စစ်ဖြစ်လိုကြောင်း ဗုဒ္ဓဟူးနေ့ကထုတ်လွှင့်သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် အာဆတ်က ပြောကြားသည်။

ပထမဆုံးအားဖြင့် အမေရိကန်ပြည်ထောင်စုက တည်ငြိမ်မှုရှိရာမှ မတည်ငြိမ်မှုဖြစ်ပေါ်စေရန် ပြောင်းလဲပစ်လိုက်ကြောင်း၊ အီရတ်စစ်ပွဲက အကြမ်းဖက်မှုနောက်ကောက်ကောက်ပါအောင် လိုက်စေမည့် အမုန်းတရားကိုသာ ပေါ်ထွန်းစေခဲ့ကြောင်း အာဆတ်က ပြောကြားသည်။

အမေရိကန် အစိုးရအနေဖြင့် သင့်တင့်မျှတသည့် နိုင်ငံရေးသဘောထားချမှတ်ပြီး စီးပွားရေးဖွံ့ဖြိုးမှုနှင့် ယဉ်ကျေးမှုအရ နားလည်မှုရရှိစေရန် မြှင့်တင်အားပေးခြင်းဖြင့် ပါလက်စတိုင်းနယ်မြေများနှင့် အိမ်နီးချင်းအီရတ်နိုင်ငံမှ အကြမ်းဖက်မှုများအား တိုက်ဖျက်ရာတွင် ကူညီပံ့ပိုးသင့်ကြောင်း အာဆတ်က ပြောကြားသည်။ ဆီးရီးယားနှင့် အမေရိကန်ဆက်ဆံရေးသည် အမေရိကန်အစိုးရ၏ ပဋိပက္ခဖြစ်စေသည့် သဘောထားဖော်ပြချက်ကြောင့် ရှုပ်ထွေးစေကြောင်းဖြင့် အာဆတ်ကပြောကြားသည်။

တစ်ခုသောသဘောထားက ဆီးရီးယားနိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုကို လိုလိုလားလားရှိပြီး အခြားသဘောထားတစ်ခုက ဆီးရီးယားနိုင်ငံနှင့် အဆက်ဖြတ်ကာ ဖိအားပေးမှု သို့တည်းမဟုတ် စစ်မက်ဆင်နွှဲရန်ဖြစ်ကြောင်း အာဆတ်က ပြောကြားသည်။

ဆီးရီးယားအနေဖြင့် အမေရိကန်က အီရတ်အား သိမ်းပိုက်မှုအပေါ် စိတ်ဒုက္ခရောက်မိကြောင်း၊ ဒေသအတွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုကျဆင်းပြီး ဆီးရီးယားလူမျိုးစုများနှင့် မိသားစုများတွင် တင်းမာမှုများ မြင့်တက်လာခဲ့ကြောင်း အာဆတ်က ထပ်လောင်းပြောကြားသည်။

ယခုအခါ မိမိတို့အနေဖြင့် လုံခြုံရေး၏အကျိုးသက်ရောက်မှုကို စောင့်ကြည့်လေ့လာနေကြောင်း၊ အီရတ်နိုင်ငံသည် ကသောင်းကနင်းဖြစ်ပြီး ထိန်းမနိုင်သိမ်းမရဖြစ်နေကြောင်း၊ ဆီးရီးယားနိုင်ငံတွင်းသို့ မှောင်ခိုလက်နက်များ ခိုးထုတ်နေကြောင်း၊ အစွန်းရောက်အတွေးအခေါ်ပျံ့နှံ့လာပြီး ယခင်တုန်းကမရှိခဲ့ဖူးသည့် အမေရိကန်မုန်းတီးရေးစိတ်ဓာတ်များ ဖြစ်ပေါ်လာကြောင်းဖြင့် ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

မေ ၁၂ ရက်က ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ဆင်ခြေဖုံးရှိ အဘူဂါရိပ် အကျဉ်းထောင်တွင် အီရတ်အကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်ခံရမှုနှင့်ပတ်သက်၍ မေ ၆ ရက်က လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင် ဆန္ဒပြနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၁၀ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန်တပ်ဖွဲ့က လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံတစ်လုံးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၆ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားမှုကြောင့် နေအိမ်တစ်လုံး၏ မှန်ပြတင်း ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၆ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသွားသော အီရတ်အမျိုးသမီးတစ်ဦးကို ဆေးရုံ၌ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၆ ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် တိုက်ပွဲဖြစ်ပွားမှုကြောင့် ပျက်စီးသွားသော နေအိမ်တစ်လုံးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၈ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် တိုက်ခိုက်မှုဖြစ်ပွားစဉ် ဒဏ်ရာရရှိသွားသော အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၁၁ ရက်က အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့ဈေးတွင် ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံဒေသတွင် နိုင်ငံတော်က ဖွင့်လှစ်ပေးခဲ့သည့် ပင်လုံတက္ကသိုလ်ကြီးကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။
(ဓာတ်ပုံ-သတင်းစဉ်)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့တွင် တည်ဆောက်လျက်ရှိသော အထွေထွေရောဂါကုဆေးရုံသစ်ကြီး ပြီးစီးမှုအခြေအနေကို ၂၀၀၃ခုနှစ် နိုဝင်ဘာ ၁ရက်က တွေ့မြင်ရစဉ်။
ဓာတ်ပုံ-ငွေးအောင်(ကြေးမုံ)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

တည်ငြိမ်အေးချမ်းခြင်းနှင့်အတူ ဖွံ့ဖြိုးတိုးတက်လာသော ကချင်အထူးဒေသ(၁) ပန်ဝါမြို့ကို တွေ့ရစဉ်။
(ဓာတ်ပုံ-နယ်စပ်စည်ပင်)



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် တည်ဆောက်ပြီးစီးသွားသည့် ဟူးမွန်ရေလှောင်တမံကို တွေ့မြင်ရစဉ်။
ဓာတ်ပုံ-သန့်ဇင်ထွန်း(ကြေးမုံ)

နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ချင်းပြည်နယ် တီးတိန်မြို့နယ်မှ မဏိပူရမြစ်ကူး မန်ဆွောင်း ဘေလီကြိုးတံတား တည်ဆောက်နေမှုကို တွေ့ရစဉ်။
ဓာတ်ပုံ-သန့်ဇင်ထွန်း(ကြေးမုံ)

နယ်စပ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အုံ

အမှာစကား ပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဝန်ကြီးများ၏ ဇနီးများဖြစ်ကြသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အကြံပေးပုဂ္ဂိုလ်များအား တွေ့ဆုံမှာကြားသည့် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အကြံပေးပုဂ္ဂိုလ်များအားတွေ့ဆုံမှာကြား

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဝန်ကြီးများ၏ဇနီးများဖြစ်ကြသော မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ အကြံပေးပုဂ္ဂိုလ်များအား တွေ့ဆုံမှာကြားသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်းနှင့် ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ အထွေထွေ အတွင်းရေးမှူး ပါမောက္ခဒေါက်တာ ဒေါ်ခင်အေးဝင်းနှင့် အမှုဆောင်များ၊ ဝန်ကြီးများ၏ဇနီးများဖြစ်ကြသော မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ အကြံပေးပုဂ္ဂိုလ်များနှင့် လုပ်ငန်းအထောက်အကူပြု အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်းက ဝန်ကြီးဌာနများရှိ အမျိုးသမီးဝန်ထမ်းများနှင့် မှီခိုသူ အမျိုးသမီးများအနေဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်အဖြစ် လျှောက်ထားလိုပါက ဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆွေးနွေးမေးမြန်း

ယင်းနောက် အကြံပေးပုဂ္ဂိုလ်များက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေက နိဂုံးချုပ် အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုလေ့လာ

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အကြံပေးပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အဆောက်အအုံအတွင်း လိုက်လံကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

❐ ငမိုးရိပ်တံတားမှ

တက်ရောက်၍ ပန္နက်တော်တင်ပေးကြသည်။ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အမှတ်(၂) စစ်ဒေသမှူး ဒုတိယ ဗိုလ်မှူးကြီး နေဝင်း၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိုန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမွှေးနံ့သာပက်ဖျန်း

ရှေးဦးစွာမင်္ဂလာအချိန်တွင်ငမိုးရိပ်တံတား(ကမာကြည်) ပန္နက်တော်တင် အခမ်းအနားကို ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အမှတ်(၁) ပန္နက်တော်ကို လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှတ်(၂) ပန္နက်တော်ကို လည်းကောင်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက အမှတ်(၃) ပန္နက်တော်ကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်းက အမှတ်(၄) ပန္နက်တော်ကိုလည်းကောင်းသတ်မှတ်နေရာများ၌ တစ်ပြိုင်တည်း တင်ပေးကြပြီး ပန္နက်တော်များကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်စောထွန်းကစက်ခလုတ်နှိပ်၍ ရတနာပိုင်တိုင်ကို Vibro Hammer စက်ဖြင့် ရိုက်သွင်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ရတနာပိုင်တိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သံကူကွန်ကရစ်

ငမိုးရိပ်တံတား(ကမာကြည်)သည် ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်နှင့် သာကေတမြို့နယ်တို့ကို ငမိုးရိပ်ချောင်းကိုဖြတ်၍ ဆက်သွယ်ဖောက်လုပ်မည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ တံတားကြီး၏ အရှည်မှာ ပေ ၈၅၀၊ အကျယ်၄၈ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ခြောက်ပေစီပါရှိမည်ဖြစ်ပြီး တံတားကြီး၏ ခွင့်ပြုအလေးချိန်မှာ တန်ချိန် ၆၀ဖြစ်သည်။

တံတားကြီး ပြီးစီးသွားပါက သဃ်န်းကျွန်း၊ တာမွေ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပနှင့် ဒဂုံမြို့သစ်မြို့နယ်များမှ ပြည်သူများနှင့် သာကေတ၊ ဒေါပုံ၊ သန်လျင်၊ ကျောက်တန်း၊ ခရမ်းနှင့် သုံးခွမြို့နယ်များမှ ပြည်သူများသည် အချိန်တိုအတွင်း အပြန်အလှန် ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

❀ ကျောက်စိမ်း၊ ကျောက်မျက်မှ

ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲသို့ တက်ရောက်လိုသူများနှင့် အရောင်းကောင်တာ ရယူလိုသူများသည် မေ ၂၅ရက်မှစ၍ မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ ကျောက်မျက်ရတနာ ခန်းမတွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာ ဆပ်ကော်မတီရုံးအဖွဲ့နှင့် ကျောက်မျက်ရတနာဈေး ကြီးကြပ်ရေးအဖွဲ့များနှင့်ဆက်သွယ်ဆောင်ရွက်နိုင်သည်။ (သတင်းစဉ်)

ကဗျာချစ်သူများအတွက်ပြည်သူ့လက်စွဲစာအုပ်များဖြန့်ချိ

ရန်ကုန် မေ ၁၄

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေသော ပြည်သူ့လက်စွဲစာအုပ်များဖြစ်သည့် ၂၀၀၂ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု ကဗျာပေါင်းချုပ်ဆုရ ကဗျာပုဒ်ရေ ၆၁ပုဒ်ဖြင့် စုစည်းတင်ပြထားသော သူရိန်ကျော်(ကျောက်နဂါး)၏ ပန်းတံတားနှင့် အခြားကဗျာများ၊ ၂၀၀၁ ခုနှစ် စာပေဗိမာန်စာမူဆု ကဗျာပေါင်းချုပ်ဆုရ ကဗျာပုဒ်ရေ ၅၄ပုဒ် ပါရှိသည့် မောင်စိုးမြတ်(ချောင်းဦး)၏ ရွှေပင်၊ ငွေပင်၊ မြရွက်စိမ်းလွှာပွင့်နီလာ ကဗျာများ စာအုပ်နှစ်မျိုးကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါ စာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ် (ဒုတိယထပ်)ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့် နယ်စာပေဗိမာန် စာအုပ်ကိုယ်စားလှယ်များထံ၌ ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

❍ အမျိုးသားမှ

အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ကျေးသီးမြို့နယ်တွင် ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု၊ ကျေးသီး ပြည်သူ့ဆေးရုံ ခွဲစိတ်ခန်းသစ် ဆောက်လုပ်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှု၊ လွိုင်လင်–ပန်ကေတု–တံလောကားလမ်း ပြုပြင်ထိန်းသိမ်းမည့် အစီအစဉ်များနှင့် လုပ်ငန်းလိုအပ်ချက်များ၊ ပံ့ပိုးဖြည့်ဆည်းပေးမည့် အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ထွေးက အမှာစကား ပြောကြားရာတွင် မိမိတို့လာရောက်ခြင်းမှာ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ လုပ်ငန်းလိုအပ်သည်များကို ဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ပြီး ဒေသတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆက်သွယ်ရေးလမ်းကြောင်းများ၊ ဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းလာအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရှည် ၅၂မိုင်ရှိ ပန်ကေတု–ကျေးသီး–မိုင်းနောင် ကားလမ်းကို ကျောက်ချောလမ်းအဖြစ် ဦးစွာဆောင်ရွက်ပေးပြီး ကတ္တရာလမ်းအဖြစ် တိုးတက်ကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယင်း ၅၂မိုင်အနက် မြို့တွင်းနှစ်မိုင်ကို ကတ္တရာလမ်းအဖြစ် အမြန်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးသီးမြို့တွင်းလမ်းအားလုံး ကျောက်ချောလမ်းခင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မြို့နယ်ပြည်သူ့ဆေးရုံ တိုးချဲ့ပြုပြင်ရေး၊ ခွဲစိတ်ခန်းအသစ်ဆောက်လုပ်ရေး၊ ဒေသတွင်းပညာရည်မြင့်မားရေးတို့အတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ လုပ်ငန်းများအောင်မြင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဒေသပြည်သူများနှင့် တက်ညီလက်ညီ လက်တွဲကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းမှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြို့နယ်ခန်းမတိုးချဲ့

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့သည် ကျေးသီးမြို့ မြို့နယ်ခန်းမ တိုးချဲ့ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဦးက ခန်းမတိုးချဲ့ဆောက်လုပ်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျေးသီးမြို့ မြို့နယ်ခန်းမမှာ ယခင်ကပေ ၄၀ X ၈၁ ပေ အကျယ်အဝန်း၊ ပျဉ်ကာသွပ်မိုးအဆောက်အအုံဖြစ်၍ ယခုအခါ ပေ ၆၀ X ၉၁ ပေ အကျယ်အဝန်း၊ အုတ်နံရံကာ၊ သွပ်မိုးအဆောက်အအုံအဖြစ် ဒေသခံပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် ၂၇သိန်းဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး ၄၀ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မြို့နယ်ခန်းမတည်ဆောက်ရေးအတွက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ငွေကျပ်သုံးသိန်း၊ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က ငွေကျပ်နှစ်သိန်း၊ မိုင်းရှူးမြို့နယ် စီးပွားရေးလုပ်ငန်းရှင်များက ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့သည် ကျေးသီးမြို့နယ် မိုင်းနန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ရောက်ရှိပြီး ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျေးလက်ကျန်းမာရေးဌာနရှိ သူနာပြု ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးကာ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံသို့ စုံစုံညီညီ တက်ရောက်စေလိုသော ဆန္ဒမွန်ဖြင့် စီစဉ်ထား

အမျိုးသားညီလာခံသို့ တက်ရောက်လာသော နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ ရွေးချယ်ခံကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ လူထုလူတန်းစားကိုယ်စားလှယ်များနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင်ဖြစ်အောင် ဆက်လက်ကျင်းပသွားမည်

ရန်ကုန် မေ ၁၄

၂၀၀၄ ခုနှစ် မေလ ၁၄ရက်နေ့ နေ့လယ်ပိုင်းတွင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်သည် အမျိုးသားညီလာခံသို့ တက်ရောက်မည် မဟုတ်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။

၁၉၉၃ ခုနှစ်က စတင်ကျင်းပခဲ့သော အမျိုးသားညီလာခံသို့ ဦးအောင်ရွှေ ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်(၈၆)ယောက် တက်ရောက်ခဲ့ပါသည်။ အမျိုးသားညီလာခံ ကျင်းပနေဆဲကာလ ၁၉၉၅ ခုနှစ် နိုဝင်ဘာလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်အားလုံးသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကို တောင်းဆိုပြီး ၎င်းတို့တောင်းဆိုချက် မရမချင်း ညီလာခံသို့ တက်ရောက်ခြင်းမပြုဘဲ စောင့်ဆိုင်းနေမည်ဟု အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌထံစာဖြင့် ရေးသားတင်ပြပြီး ညီလာခံမှ စွန့်ခွာခဲ့ပါသည်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ကိုယ်စားလှယ်များသည် ညီလာခံ၏ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများကို လျစ်လျူရှုပြီး တစ်ဖက်သတ် ဆောင်ရွက်ခဲ့ကြသဖြင့် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်က အမျိုးသား ညီလာခံ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းနှင့်အညီ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် မှ ကိုယ်စားလှယ်များကို အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အဖြစ်မှ ရပ်စဲခဲ့ပါသည်။

နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှု၍ ယခု ၂၀၀၄ခုနှစ် မေလ၁၇ရက်နေ့တွင် ပြန်လည်ကျင်းပမည့် အမျိုးသား ညီလာခံသို့ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်အား တက်ရောက်နိုင်ရန် ဖိတ်ကြားခဲ့ပါသည်။ အမှန်စင်စစ် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် အမျိုးသား ညီလာခံသို့ ပြန်လည် တက်ရောက်လိုပါက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ပြုရန် ပြန်လည်လျှောက်ထားရမည် ဖြစ်သည်။ လျှောက်ထားချက်ရရှိမှသာ နိုင်ငံတော်အစိုးရအနေဖြင့် စဉ်းစားဆုံးဖြတ် ရမှာဖြစ်ပါသည်။ သို့သော်လည်း နိုင်ငံတော်အစိုးရသည် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အား ညီလာခံသို့တက်ရောက်စေလိုသော စိတ်စေတနာမှန်ဖြင့်လည်းကောင်း၊ အမျိုးသားညီလာခံသို့ စုံစုံညီညီတက်ရောက်စေလိုသော ဆန္ဒမွန်ဖြင့်လည်းကောင်း၊ အမျိုးသားဒီမို ကရေစီ အဖွဲ့ချုပ်၏ညီလာခံတက်ရောက်ခွင့်ရရှိရေး ပြန်လည်လျှောက်ထားမှု မရှိသော်လည်း ညီလာခံတက်ရောက်ရန် ဖိတ်စာများပေးပို့ခဲ့ပါသည်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အတွက် အမျိုးသားညီလာခံသို့ တက်ရောက်ရန် နိုင်ငံရေး ပါတီကိုယ်စားလှယ်များ အစုအဖွဲ့ ကိုယ်စားလှယ်(၅)ယောက်နှင့်အရွေးချယ်ခံ ကိုယ်စားလှယ်အဖွဲ့ ကိုယ်စားလှယ်(၄၉)ယောက် စုစုပေါင်း ၅၄ ယောက် တက်ရောက်နိုင်ရန် စီစဉ်ထားပြီးဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ယနေ့ထုတ်ပြန်သော ကြေညာချက်တွင် ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည်တို့ကို လွတ်လပ်စွာသွားလာခွင့်မရရှိခြင်း၊ ရုံးခန်းများဖွင့်မပေးခြင်း အစရှိသည့် အကြောင်းအမျိုးမျိုး ဖော်ပြသည့်အပြင် အမျိုးသားညီလာခံကို မယုံကြည်သောကြောင့် အမျိုးသားညီလာခံသို့ မတက်ရောက်ရန် ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေသည် တာဝန်ရှိသူများက လေးလေးစားစား အိမ်တိုင်ရာရောက် ဖိတ်ကြားလွှာသွားရောက် ပေးပို့စဉ်ကပင် ဖိတ်ကြားလွှာကို လက်ခံရယူခဲ့ခြင်းမရှိခဲ့ပါ။ ၎င်းတို့ဖော်ပြတောင်းဆိုသော အချက်များမှာ မဖြစ်နိုင်မှန်းသိလျက်နှင့် တမင်တောင်းဆိုခဲ့ပြီး တောင်းဆိုမှု မရသောကြောင့် ညီလာခံမတက်ဟု အကြောင်းပြကြေညာခြင်းသာဖြစ်သည်။ နိုင်ငံတော်အစိုးရအနေနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လိုလားချက်များကို ပြေလည်အောင် အတတ်နိုင်ဆုံး ဖြေရှင်းဖြည့်ဆည်းပေးခဲ့သည့်အပြင် အမျိုးသားညီလာခံစတင်ချိန်မှာ အားလုံးတည်တည်ငြိမ်ငြိမ်ဖြင့် အေးအေး ချမ်းချမ်းဖြစ်ထွန်းစေရန် အလေးထားနေချိန်ဖြစ်၍ ဦးတင်ဦးနှင့် ဒေါ်အောင် ဆန်းစုကြည်တို့ကို လက်ရှိအခြေအနေအတိုင်း သည်းခံစောင့်ဆိုင်းကြရန် ညှိနှိုင်းခဲ့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လက်မခံဘဲ ညီလာခံသို့ မတက်ရောက်နိုင်တော့ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။ အမှန်စင်စစ် ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် ၁၉၉၃ခုနှစ် ညီလာခံ စတင်ကျင်းပချိန်ကပင် ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့ခြင်း မရှိပါ။

အမျိုးသားညီလာခံအစည်းအဝေးကြီးသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါဝင်တက်ရောက်ခြင်း မရှိသော်လည်း အမျိုးသားညီလာခံသို့ တက်ရောက်လာသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် လူထုလူတန်းစားကိုယ်စားလှယ်များပါဝင်သည့် ကိုယ်စားလှယ်များနှင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ပါသည်။ နိုင်ငံတော် အစိုးရအနေဖြင့် မူလကြေညာထားသည့်အတိုင်း နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို အောင်အောင်မြင်မြင်ဖြစ်အောင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

➪ ကျောဖုံးမှ

ရှေးဦးစွာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကြီးမှ အခြားပြည်နယ်နှင့်တိုင်းများသို့ နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများနှင့် ရန်ကုန်မြို့တွင်း နေ့စဉ်သွားလာလျက်ရှိသည့် ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် ဘတ်စ်ကားဂိတ်များ၊ ခရီးသည်တင် အဝေးပြေးယာဉ် ရပ်နားစခန်းကြီးများ၊ ဘူတာရုံများ၊ သင်္ဘောဆိပ်များနှင့် လေဆိပ်တို့၌ စနစ်တကျရှိစေရေး ကြပ်မတ်ဆောင်ရွက်နေမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်စေရေး ကြပ်မတ်စစ်ဆေးနေမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် ကူညီဆောင်ရွက်ပေးရမည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက သက်ဆိုင်ရာယာဉ်လိုင်းများမှ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ကော်မတီက သတ်မှတ်ထားသည့် စည်းကမ်းများ လိုက်နာဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကြီးအားအဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဘက်စုံကဏ္ဍစုံမှ ဆောင်ရွက်လျက်ရှိရာ နေ့စဉ်သွားလာလျက်ရှိသည့် မော်တော်ယာဉ်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် လမ်းမကြီးများတိုးချဲ့ခြင်း၊ နိုင်လွှန်ကတ္တရာနှင့် ထပ်ပိုးကတ္တရာများ ခင်းပေးခြင်း၊ Guard-Ray များ တပ်ဆင်ပေးထားခြင်း၊ လူသွားစင်္ကြံများ ပြုပြင်ခြင်း လုပ်ငန်းများကို အပိုင်းလိုက်ဆောင်ရွက်လျက်ရှိကြောင်း။

လမ်းမကြီးများပေါ်၌ နေ့စဉ်သွားလာလျက်ရှိသည့် မော်တော်ယာဉ်များမှ ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များကယာဉ်တိုက်ခိုက်မှု၊ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းပပျောက်စေရန် သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရမည့်အပြင် မော်တော်ယာဉ်မောင်းနှင်နေစဉ် ယာဉ်ပေါ်၌ လိုက်ပါစီးနင်းသူများကပါ လမ်းမကြီးများ ညစ်ပေအစွန်းအထင်းမရှိစေရန်အမှိုက်များ စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်း၊ ကွမ်းတံတွေးထွေးခြင်းများကို ဝိုင်းဝန်းတားဆီးကြရေး၊ တာဝန်ရှိသူများကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အခြားသတ်မှတ်ထားသည့် စည်းကမ်းများဖောက်ဖျက်သည်ကို တွေ့ရှိပါက ပညာပေးအရေးယူမှုများကို စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်ကြရေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မေ၁၄ရက်ကအမျိုးသားညီလာခံသို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ညီလာခံကိုယ်စားလှယ်များအမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ အထူးစီစဉ်ကြိုဆို ပို့ဆောင်ရေးမော်တော်ယာဉ်များဖြင့် ရောက်ရှိလာကြစဉ်။

(သတင်း–ကျောဖုံး)

(သတင်းစဉ်)

မြစ်သား မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိ

ရန်ကုန် မေ ၁၄

မန္တလေးတိုင်း မြစ်သားမြို့နယ် မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိမှုအထိမ်းအမှတ် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို မေ၁၃ရက် နံနက်ပိုင်းတွင် မြစ်သားမြို့လယ် မြင်းခြံ–မန္တလေးကားလမ်း၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းနှင့် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်က မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အခမ်းအနားကို မြစ်သားမြို့ လုပ်သားကြေးမုံခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်နှင့် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးအောင်ချင်းက မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ကျေးရွာပြည်သူလူထုကိုယ်စား ဦးညွှန့်ဆွေက ကျေးဇူးတင်စကားပြောကြားသည်။

မြစ်သားမြို့နယ်တွင် ကျေးရွာအုပ်စု ၈၂အုပ်စု ကျေးရွာပေါင်း ၂၂၇ ရွာ၌ လက်နှိပ်ပန့်စက်တွင်း ၁၄၄တွင်း၊ စက်ရေတွင်း၇၇တွင်း၊ စိမ့်စမ်းရေသွင်းခြင်းလုပ်ငန်းခြောက်ခု ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ပြည်သူ၁၄၅၀၂၆ဦးတို့ သန့်ရှင်းသော သောက်သုံးရေရရှိပြီဖြစ်သည်။ မြစ်သားမြို့နယ်၌ နှစ်၁၀၀ကျော် ရေမရရှိခဲ့သောရွာများဖြစ်သည့် ဟင်းလျှာကန်ကျေးရွာ၊ မြနဒီကျေးရွာ၊ ကြာကန်ကြီးကျေးရွာများလည်း သန့်ရှင်းသော သောက်သုံးရေကို သုံးစွဲနိုင်ပြီဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅–၅–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	စားကြမယ်ဟော့ကောင်းကောင်း
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	ဆွာချောင်းရေလှောင်တမံ
၈း၃၀	၈။	International News.
၈း၄၅	၉။	Happy and Educational English Summer Course MRTV.
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ပြည်တွင်းသတင်း
၁၁း၄၀	၄။	ဆီထွက်သီးနှံဖူလုံရေး ဆီအုန်းတိုးချဲ့စိုက်ပျိုးပေး
၁၁း၅၀	၅။	တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁း၂၅	၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ(အပိုင်း–၄၁)**
၂း၀၅	၇။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၂၀	၈။	**လောကနီတိ(၄) “လှပခြင်း၏အဓိပ္ပာယ်” (အကယ်ဒမီဇင်ဝိုင်း၊ နိုင်းနိုင်း၊ ခိုင်နှင်းဝေ၊ စုချစ်ဇော်) (ဒါရိုက်တာ–ဦးခင်ဇော်)**
၂း၄၅	၉။	International News.
၃း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	English For Everyday Use.
၄း၄၅	၄။	တေးဂီတအစီအစဉ်
၅း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၅း၁၅	၆။	အကပဒေသာ
၅း၃၀	၇။	နားဝင်ပီယံ သူ့လက်သံ
၅း၄၀	၈။	ချစ်စရာ့အရွယ် ကစားကြမယ်
၆း၀၅	၉။	တေးဂီတအစီအစဉ်
၆း၁၅	၁၀။	စားကြမယ်ဟော့ကောင်းကောင်း
၆း၃၀	၁၁။	ညနေခင်းသတင်း
၇း၀၀	၁၂။	မိုးလေဝသအခြေအနေ
၇း၀၅	၁၃။	Discovery
၇း၁၅	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ နှင်းပွင့် (အပိုင်း–၁၁)**
၇း၃၅	၁၅။	ကရင်ရိုးရာဝတ်စားဆင်ယင်မှု
၇း၄၅	၁၆။	ကျေးလက်ဒေသတစ်ခွင် အလှဆင်
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**မြန်မာဗီဒီယိုဇာတ်လမ်း “ရင်ခွင်လမင်း” (လူမင်း၊ ဝိုင်း၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ–မျိုးထူး)**
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

သာသနိကအဆောက်အအုံများ ရေစက်ချလှူဒါန်းမည်

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်(၄)ရပ်ကွက် ရတနာကျွန်းရိပ်သာ ကျောက်စိမ်းပတ်လမ်း မြကျွန်းသာလူမျိုးစု ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ ပရဟိတဖွံ့ဖြိုးရေးသာသနာပြု (တောင်တန်းသာသနာပြု) အားအမှူးထား၍ အလှူဒါယကာ ဦးလှကြည်-ဒေါ်အေးအေးသွယ်မိသားစုတို့က ရတနာဒီပသိမ်တော်ကြီးနှင့် သာသနိက အဆောက်အအုံများ ရေစက်ချလှူဒါန်းပွဲတွင် မေ ၁၅ ရက် ည ၇ နာရီမှစ၍ ဘဒ္ဒန္တဉာဏိဿရ(စစ်ကိုင်းတောင်ရိုး)က တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က-ပ)

သားငါးဖွံ့ဖြိုးမှ ပြည့်အကျိုး

မြန်မာ့ပညာရေး စာမျက်နှာသစ်၏ အောင်ပွဲသစ်

ခင်ခင်ကျော်(ပညာရေး)

အမျိုးသားပညာရည် မြင့်မားရေး အထူးလေးနှစ် စီမံကိန်းသည် ၂၀၀၀ ပြည့်နှစ်မှစတင်ကာ ၂၀၀၄ ခုနှစ်အထိ ဖြစ်သည်။ အထူးလေးနှစ်စီမံကိန်းကာလအတွင်း ဆောင်ရွက်ခဲ့သမျှ အောင်မြင်မှု အသီးအပွင့်များကို မျက်မှောက်ကာလ အကျိုးတရားအဖြစ် ပိုင်ဆိုင်ရရှိသကဲ့သို့ နှစ် ၃၀ နှစ်ရှည်ပညာရေး စီမံကိန်းအတွက်လည်း အားကောင်းသော အရှိန်အဟုန်အဖြစ် အင်အားတစ်ရပ်ကို ရရှိခဲ့ပေသည်။ ၂၁ ရာစုပညာခေတ်တွင် ပညာ၏ အခိပ္ပာယ်နှင့် အခန်းကဏ္ဍသည် ကျယ်ဝန်းနက်ရှိုင်းလာသည်နှင့်အမျှ မြန်မာနိုင်ငံပညာရေးစနစ်ကိုလည်း အမျိုးသားရေးလိုအပ်ချက်နှင့်အညီ နိုင်ငံတကာအဆင့်မီ ပညာရေးစနစ်သို့ ဦးတည်ရင်း ၁၉၉၈ ခုနှစ်မှစတင်ကာ ပြောင်းလဲခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပညာရေးစနစ် ပြောင်းလဲမှုသည် ခေတ်သမိုင်း၏ လိုအပ်ချက်နှင့်အညီ ပြောင်းလဲခြင်းဖြစ်ပြီး အမျိုးသားနိုင်ငံရေး ရည်မှန်းချက်များနှင့်လည်း ကိုက်ညီပေသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် တိကျခိုင်မာသော အမျိုးသားနိုင်ငံရေး ရည်မှန်းချက်အဖြစ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးနှင့်တကွ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ဖြင့် ဘက်ပေါင်းစုံမှ ဖော်ဆောင်လျက်ရှိသည်။ လူမှုရေးဦးတည်ချက်လေးရပ်တွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် အချက်ပါဝင်ပေသည်။ အမျိုးသားပညာရည် မြင့်မားရေးအတွက် အခြေခံပညာကဏ္ဍတွင် ၂၀၀၀-၂၀၀၁ ခုနှစ်မှစတင်ကာ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းဖြင့် လုပ်ငန်းစဉ် ခြောက်ရပ်ကို ဖော်ဆောင်ခဲ့ပါသည်။ လုပ်ငန်းစဉ် ခြောက်ရပ်ကို မဖော်ပြမီ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း ရည်မှန်းချက်ငါးချက်ကို ဖော်ပြလိုပေသည်။ ယင်းတို့မှာ ဘက်စုံပညာပြည့်ဝသည့် နိုင်ငံ့သားကောင်းများကို ပြုစုပျိုးထောင်ပေးရေးအတွက် အခြေခံပညာ ကျောင်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရန်၊ ခေတ်မီဆက်သွယ်ပို့ချမှု နည်းပညာများဖြင့် သင်ကြားမှု၊ သင်ယူမှုအခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိစေရန်၊ ဆရာ၊ ဆရာမများ အရည်အသွေး ပိုမိုပြည့်ဝလာစေရန်၊ နိုင်ငံသားတိုင်း အခြေခံပညာ သင်ယူတတ်မြောက်ကြစေရေးအတွက် လိုအပ်သည့်နည်းလမ်းများကို ချမှတ်ဆောင်ရွက်ရန်၊ စဉ်ဆက်မပြတ် လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း Learning Society အဖြစ် ဖန်တီးပေးရန်နှင့် မျက်မှောက်ခေတ်ကာလဖြစ်သော ပညာခေတ် (Knowledge Age)၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်ပြီး အရှေ့တောင်အာရှရှိ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ပညာရေးအဆင့်နှင့် ရင်ပေါင်တန်းနိုင်ရုံသာမက နောင်တွင် နိုင်ငံတကာ ပညာရည်အဆင့်မီစေရန် ဟူ၍ဖြစ်သည်။ ထိုရည်မှန်းချက် ပေါက်မြောက်ရန် အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်ခြောက်ရပ်မှာ အခြေခံပညာသင်ရိုးမာတိကာများ အဆင့်မီစေခြင်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်၊ အခြေခံပညာပြီးဆုံးမှုနှင့် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ခြင်း၊ သင်ကြားမှု၊ သင်ယူမှုအခန်းများ ဖွဲ့စည်းအသုံးပြုခြင်း၊ ဆရာအတတ်သင်ပညာဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း၊ ဘက်စုံပညာ ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ မူလတန်းအဆင့်တွင် မသင်မနေရ ပညာရေးစနစ်ကို ဦးတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

သတင်းအချက်အလက်နှင့် နည်းပညာခေတ်တွင် ကမ္ဘာကြီးသည် နိုင်ငံအချင်းချင်း ဆက်စပ်ယှက်နွယ် ပြောင်းလဲမှု ဖြစ်စဉ်ကြီးအတွင်း ကမ္ဘာ့ရွာကြီးပမာ လျင်မြန်သော အရှိန်အဟုန်ဖြင့် ဆက်နွယ်နီးစပ်လာခဲ့သည်။ ဤသို့သောကာလတွင် လူတိုင်းအတွက် ပညာရေးသည် ကမ္ဘာအနှံ့ ပျံ့နှံ့ရင်း နယ်ပယ်အသီးသီးအတွက် ပညာသည် အဓိကသော့ချက်ဖြစ်လာသည်။ မြန်မာ့ပညာရေးစနစ်တွင်လည်း 'လူတိုင်းအတွက် ပညာရေး'၊ 'အခွင့်အလမ်းပွင့် ပညာရေး' ဆောင်ပုဒ်များနှင့်အတူ အစဉ်သင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီးကို ထူထောင်ခဲ့သည်။ မြန်မာ့ပညာရေး မျှော်မှန်းချက်အဖြစ် မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့်၊ အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့ အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ထွန်းလာစေရန်ဟူ၍ ချမှတ်ရင်း **ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့** ဆောင်ပုဒ်ဖြင့် မြန်မာ့ပညာရေးကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ကြိုးပမ်းဖော်ဆောင်ခဲ့သည်။ ၂၀၀၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အီလက်ထရွန်နစ် ပညာရေးစနစ်၊ ၂၀၀၁ ခုနှစ် မေလတွင် အနှစ် ၃၀ နှစ်ရှည် ပညာရေးစီမံကိန်းများဖြင့် ဆက်လက်ကြိုးပမ်းလျက်ရှိပေသည်။

နိုင်ငံတော်သစ် တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များ ရှင်သန်ပေါ်ထွန်းရေးသည် အရေးပါသော အချက်ဖြစ်သည်။ အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှသာ ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ အခွင့်အလမ်းပွင့် ပညာရေးစနစ်အရ လူ့စွမ်းအားအရင်းအမြစ်များ အစွမ်းကုန် ဖွံ့ဖြိုးတိုးတက်ရန် နေရာသတ်မှတ်ချက်၊ အချိန်သတ်မှတ်ချက်များကို ကျော်လွှား၍၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အသုံးပြုပြီး ပညာသင်ယူနိုင်သော အခွင့်အလမ်းကို အီလက်ထရွန်နစ်ပညာရေးစနစ်ဖြင့် ဖြည့်ဆည်းပေးလျက်ရှိပါသည်။ အထူးလေးနှစ် စီမံကိန်းကာလတွင် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းမှု၊ အီလက်ထရွန်နစ် ပညာရေးစနစ် ထွန်းကားတိုးတက်မှုများကို လေ့လာပါက ဤသို့တွေ့ရှိရပေမည်။ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံး၌ အထက်တန်းအဆင့်ထိ သင်ကျောင်း ၁၈၄၀၊ အလယ်တန်းအဆင့်ထိ သင်ကျောင်း ၃၀၆၇ ကျောင်း၊ မူလတန်းလွန်ကျောင်း ၃၈၂၉ ကျောင်းနှင့် မူလတန်းအဆင့်သင်ကျောင်း ၃၁၇၅၁ ကျောင်းရှိရာ စုစုပေါင်း ၄၀၄၈၇ ကျောင်းအထိ တိုးတက်ဖြစ်ထွန်းခဲ့သည်။ ကျောင်းနေရွယ် ကလေးအားလုံး ကျောင်းနေရေး အစီအစဉ်အရ ၁၉၉၉-၂၀၀၀ ပညာသင်နှစ်မှစတင်၍ ပညာသင်နှစ်မစမီ ရက်သတ္တပတ်ကို ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ရာ ကျောင်းနေနှုန်းသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်ခဲ့သည်။ ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် တစ်နိုင်ငံလုံး၌ သူငယ်တန်းသို့ တက်ရောက်လာသည့် ကျောင်းနေရွယ်ကလေးများ ကျောင်းနေနှုန်းသည် ၉၅ ဒသမ ၀၅ ရာခိုင်နှုန်းဖြစ်ပြီး ကျောင်းနေရေး စီမံချက်ဝင်မြို့နယ် ၁၄၄ မြို့နယ်၌ ကျောင်းဝင်နှုန်းများမှာ ၉၈ ဒသမ ၉၇ ရာခိုင်နှုန်း တက်ရောက်သည်ကို လေ့လာသိရှိခဲ့ပါသည်။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးတွင် အခြေခံကျသည့် မူလတန်းလွန်ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်မှုသည် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် သတ္တမတန်းအထိ သင်ကြားနိုင်သည့် မူလတန်းလွန်ကျောင်းပေါင်း ၅၁၂ ကျောင်း၊ ဆဋ္ဌမတန်းအထိ သင်ကြားနိုင်သော မူလတန်းလွန်ကျောင်း ၁၈၆၈ ကျောင်းနှင့် ပဉ္စမတန်းအထိ သင်ကြားနိုင်သော မူလတန်းလွန်ကျောင်း ၁၄၄၉ ကျောင်း စုစုပေါင်း မူလတန်းလွန်ကျောင်း ၃၈၂၉ ကျောင်း ဖွင့်လှစ်နိုင်ခဲ့သည်။ Multi-Media Classroom ဖွဲ့စည်းမှုတွင် ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်ကုန်အထိ Multi Media Classroom ဖွဲ့စည်းအသုံးပြုကျောင်းမှာ ၁၁၅၂ ကျောင်း၊ 3.Platform တပ်ဆင် အသုံးပြုကျောင်း ၃၅၈ ကျောင်း၊ 2.Platform ၉၈၅ ကျောင်း၊ 1.Platform ၁၄၃၁၅ ကျောင်း စုစုပေါင်း Media အသုံးပြုသင်ကြားနေသော ကျောင်းပေါင်း ၁၆၈၁၀ ရှိပေသည်။

ပညာခက်ဖြာနေသော အစဉ်သင်ယူနေသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီးတွင် ၂၀၀၃ ခုနှစ်၌ သက်ကြီးစာတတ်မြောက်မှုနှုန်းမှာ ၉၂ ဒသမ ၂ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်းကို ၉၅ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာရေးကို ဦးတည်ဆောင်ရွက်နေပြီဖြစ်သည်။ အခြေခံစာတတ်မြောက်ပြီးသည့် သက်ကြီးများ စာဖတ်ရှိန်မြှင့်တင်ရေး၊ ဝင်ငွေတိုးရေးနှင့် ဘဝသာယာရေးအစီအစဉ်များပါဝင်သည့် စဉ်ဆက်ပညာရေးကို ရပ်ရွာပညာပဒေသာဌာနပေါင်း ၄၈၁ ခု ဖြင့် တည်ထောင်ဆောင်ရွက်လျက်ရှိသည်။

အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းပြပွဲကို ရန်ကုန်မြို့ စိန်ရတုခန်းမတွင် ၂၀၀၄ ခုနှစ် မေ ၄ ရက်မှ ၇ရက်အထိ ဖွင့်လှစ်ပြသခဲ့ပြီးဖြစ်သည်။ စာရေးသူသည် မေ ၅ ရက် နံနက် ၁၀ နာရီတွင် ထိုပြပွဲကြီးသို့ ရောက်ရှိခဲ့ပြီး ပညာရေးဝန်ထမ်းတစ်ဦးပီပီ စိတ်ဝင်စားစွာ လေ့လာခဲ့ပါသည်။ ခန်းမကြီးတစ်ခုလုံး လေ့လာသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပညာရေးဝန်ထမ်းမိသားစုများ၊ပြည်သူများဖြင့် အထူးစည်ကား လျက်ရှိသည်။ တတိယထပ်သို့ဦးစွာတက်ရောက်လေ့လာရာ ပညာရေးဝန်ကြီးဌာနပင်မခန်းမရှိ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုရှိ ပညာပဒေသာဌာနများ ဖွင့်လှစ်ထားပုံကို ပြသသည့်မြေပုံကားချပ်ကြီးကို တွေ့ရှိရသည်။ စီမံကိန်းကာလအတွင်း အသစ်ဖွင့်လှစ်သည့် တက္ကသိုလ် ၁၂ ခု၏ မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတော်အကြီးအကဲ တက္ကသိုလ်များနှင့် ဒီဂရီကောလိပ်များသို့ လာရောက်စစ်ဆေးသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုရပါသည်။ ဆက်လက်၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနဆိုင်ရာကဏ္ဍ၊ သုတေသန လုပ်ငန်းဆိုင်ရာကဏ္ဍ၊ စဉ်ဆက်မပြတ်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း ဆိုင်ရာကဏ္ဍများ၊ နည်းပညာအသုံးပြုမှုဆိုင်ရာ ကဏ္ဍပြခန်းရှိ မန္တလေးမြို့ ရာစုသစ်အရင်းအမြစ် ဖွံ့ဖြိုးမှုဌာနကိုလည်းကောင်း၊ Video Conference အစီအစဉ်များ လေ့ကျင့်ဆောင်ရွက်နေမှုတွင် ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းနှင့် မိမိတို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့ အီလက်ထရွန်နစ်ကွန်ရက်စနစ်ဖြင့် ဆက်သွယ်ကာ ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင် ပါဝင်ဆောင်ရွက်မှုကို လည်းကောင်း လေ့လာတွေ့ရှိခဲ့ပါသည်။

ပညာရည်အဆင့်မြှင့်တင်မှုဆိုင်ရာကဏ္ဍ ပြခန်းတွင် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့က ထုတ်ဝေသည့် ပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ၊ မြန်မာစာအဖွဲ့ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုပုံစံငယ်များ၊ မှတ်တမ်းဓာတ်ပုံများ၊ အမျိုးသားရေးစံနှုန်းနှင့် အမျိုးသားရေးတန်ဖိုး ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာကဏ္ဍပြခန်းတွင် မြန်မာနိုင်ငံ ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန ဖွင့်လှစ်လှုပ်ရှားဆောင်ရွက်နေမှုမှတ်တမ်းဓာတ်ပုံများ၊ သုတေသနလုပ်ငန်းမှတ်တမ်းများ၊ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း(အဆင့်မြင့်ပညာကဏ္ဍ)နှင့် ဆက်စပ်သော စာအုပ်စာတမ်းများ၊ အစီရင်ခံစာများ၊ သုတေသနစာတမ်းများကို လေ့လာတွေ့ရှိခဲ့ရပါသည်။

စိန်ရတုခန်းမ၏ ဒုတိယထပ်ရှိ ICT Development ပြခန်း၌ Electronic Media (Computer Aided Instruction)၊ Projected Media (Visual Presentar)၊ Electronic Media(Video System)၊ Internet ခန်းမများတွင် စွမ်းရည်ပြသနေသော အနာဂတ်၏ကြယ်စင်တိုင်းပြည်၏ အညွန့်အဖူး ကျောင်းသား၊ ကျောင်းသူများကို တွေ့ရှိရပါသည်။ ပညာရေး ပတ်ဝန်းကျင်နှင့် ပညာရေး အဆောင်အယောင်များ ပြခန်းတွင်လည်း ကျောင်းသား၊ ကျောင်းသူများ၏ လက်တွေ့ပြသနေမှုများကို ကြည့်ရှုခဲ့ရပါသည်။ ခန်းမ၏ အောက်ဆုံးထပ်တွင် ဆရာအတတ်ပညာ ဖွံ့ဖြိုးရေးပြခန်း၊ လူတိုင်းအတွက် ပညာရေး EFA ပြခန်း၊ ကျောင်းနေရေးလုပ်ငန်းဆောင်ရွက်မှုနှင့် မူလတန်းလွန်ကျောင်းများ ဖွင့်လှစ်မှုပြခန်း၊ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် စစ်ဆေးတိုင်းတာမှုပြခန်း၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့ဆောင်ပုဒ်ကြီးနှင့်အတူ မြန်မာ့ပညာရေး မျှော်မှန်းချက်၊ ပညာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်၊ အခြေခံပညာရေး ရည်ရွယ်ချက်ငါးချက်၊ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ် စီမံကိန်း၏ ရည်မှန်းချက်နှင့် ရည်ရွယ်ချက်များ၊ ဆက်လက်၍ ဘဝတွက်တာကျွမ်းကျင်မှုဆိုင်ရာပြခန်း၊ စိုက်ပျိုးရေး၊ စက်မှုလက်မှုပြခန်း၊ ဘက်စုံပညာဖွံ့ဖြိုးရေး ပြခန်း၊ ရသပညာ(ဂီတ)၊ အိမ်တွင်းမှုပြခန်းများကိုလည်း တဝကြီးကြည့်ရှုလေ့လာခဲ့ရပါသည်။

အပြောမဟုတ်၊ အလုပ်သက်သေဆိုသည့်အတိုင်း မိမိတို့ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းကာလ၏ အောင်မြင်မှုရလဒ်အသီးအပွင့်များကို ပြပွဲကြီးက မီးမောင်းထိုးပြသခဲ့ပါသည်။ မြန်မာနိုင်ငံ ပညာရေးကော်မတီ၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနများ၏ လမ်းညွှန်မှု၊ ကူညီပံ့ပိုးမှုနှင့်အတူ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များ၊ မိဘဆရာအသင်း၊ ပညာရေးဝန်ထမ်းမိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများအားလုံးတို့က မြန်မာ့ပညာရေး မျှော်မှန်းချက်ကြီးကို ပညာရေးဆောင်ပုဒ်နှင့်အညီ တက်ညီလက်ညီ ရေကုန်ရေခန်း ဆောင်ရွက်ခဲ့ခြင်းကြောင့်သာ အောင်မြင်မှုဆုလာဘ်ကို ရယူနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ပညာသည်သာရတနာ အားထားရာဖြစ်သော ပညာခေတ်တွင် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖြစ်ထွန်းရေးသို့ ရှေးရှုကြိုးပမ်းရင်း အားနည်းချက်များကိုပြုပြင်၊ အားသာချက်များကို အရှိန်အဟုန်မြှင့်လျက် ဥစ္စာရင်လို ဥစ္စာရင်ခဲစိတ်ဓာတ်ဖြင့် မြန်မာ့ပညာရေးကို အောင်မြင်စွာ ဖော်ဆောင်ကြပါစို့၊ အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ **မြန်မာ့ပညာရေးစာမျက်နှာသစ်၏ အောင်ပွဲသစ်**အတွက် တက်ကြွအားမာန် ရှင်သန်ပီတိ ကြည်နူးခြင်းအတိဖြင့် မှတ်တမ်းတင်ရေးသားလိုက်ပါသည်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၅-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် "အဂ္ဂိဝစ္ဆသုတ်"**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၁၅ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၅၀ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် - MOLOPOLY (စီးပွားရေး၊စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
- ၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်ကိုင်အိတ်ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ" (အပိုင်း-၂)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်" မိခင်သစ္စာ (အပိုင်း-၆)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ



ကိုးပါးသီလ ခံယူဆောက်တည်

မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ရတနာကျွန်းရိပ်သာ ကျောက်စိမ်းပတ်လမ်းရှိ မြကျွန်းသာ ပရဟိတဖွံ့ဖြိုးရေး သာသနာပြုကျောင်းတိုက်၌ ဆောက်လုပ်ပြီးစီးသွားသော ရတနာဒီပသိမ်တော်ကြီး ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို မေ ၁၄ ရက်က အဆိုပါကျောင်းတိုက်၌ကျင်းပရာ ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (ကြေးမုံ)

စိုက်ပျိုးရေးပြတိုက် ပြကွက်များ ခင်းကျင်းပြသရေးနှင့် လှည်းကူးမြို့နယ် ပရဆေးဥယျာဉ်တည်ထောင်ရေး လုပ်ငန်းညှိနှိုင်း

ရန်ကုန် မေ ၁၄

မြေပဒေသာဥယျာဉ် အဆင့်မြင့် မွမ်းမံပြင်ဆင်မှု လုပ်ငန်းတစ်ရပ်ဖြစ်သော စိုက်ပျိုးရေးပြတိုက် ခင်းကျင်းပြသရေးနှင့် လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံဒေသတွင် ပရဆေးဥယျာဉ်မြေဧက ၆၀ တစ်ကွင်းတစ်စပ် တည်ထောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာဥယျာဉ်ရှိ စိုက်ပျိုးရေးပြတိုက်၌ ကျင်းပရာ အစည်းအဝေးသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့် ဝန်ကြီးဌာနအောက်ရှိလုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြား ရေးမှူးများ၊ ဌာနအလိုက် ခင်းကျင်းပြသရေးကော်မတီဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

အစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်က မွမ်းမံပြုပြင်ပြီး စိုက်ပျိုးရေးပြတိုက် အဆောက်အအုံတွင် စိုက်ပျိုးရေးလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ စက်မှုလယ်ယာလုပ်ငန်း ပြကွက်များ စုံလင်စွာပြသရေးနှင့် ငမိုးရိပ်ရေလှောင်တမံဒေသတွင် မြန်မာ့ဆေးဝါးပင်များ၊ အမယ်စုံ(အမည်စုံ) တစ်ကွင်းတစ်စပ် မြေဧက ၆၀ စိုက်ခင်းကြီးများ တည်ထောင်ရေးလုပ်ငန်းများ ဆွေးနွေးမှာကြားသည်။

လေ့လာမှတ်သားသင့်

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ပြည်သူအများ လေ့လာမှတ်သားသင့်သည့် ပြတိုက်ပြကွက်ဆိုင်ရာများကို ပြောကြားသည်။

ထို့နောက် လုပ်ငန်းဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက စိုက်ပျိုးရေးပြတိုက်တွင် ပြသမည့်ပြကွက်များ၊ ပြသမည့်လုပ်ငန်းစဉ်များနှင့် မြေဧက ၆၀ ပရဆေးဥယျာဉ်တွင် စိုက်ပျိုးမည့် ပရဆေးပင်များနှင့် စိုက်ကွက်ပုံစံများကို မြေပုံဇယား၊ ဒီဇိုင်းများဖြင့် ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်က ဆောင်ရွက်သွားရမည့် လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ကြမည့်အဖွဲ့များအား ချမှတ်ပေးပြီး စိုက်ပျိုးရေးပြတိုက်၏ ပြခန်းအနေအထားများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

သဲကုန်းမြို့ စိုက်ပျိုးရေးသုတေသနခြံတွင် စံပြကွက်သရုပ်ပြ

ရန်ကုန် မေ ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း) သဲကုန်းမြို့စိုက်ပျိုးရေးသုတေသနခြံတွင် ၂၀၀၃-၂၀၀၄ခုနှစ် နွေရာသီ စပါးသီးနှံပန်းတိုင် အထွက်နှုန်း နည်းပညာစံပြကွက်အား (သုခရင်) စပါးမျိုး စံပြကွက်နှစ်ဧက စိုက်ပျိုးထားသည်။ အဆိုပါစံပြကွက်ပြသပွဲကို မေ ၁၀ရက်က စိုက်ပျိုးရေးသုတေသနခြံတွင် ခင်းကျင်းပြသရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးလှမြင့်နှင့် ဝန်ထမ်းများ၊ နွေစပါးစိုက်သည့် ၃၅အုပ်စုမှ တောင်သူများ စုစုပေါင်းအင်အား ၁၀၀ကျော် တက်ရောက်ကြည့်ရှုလေ့လာကြသည်။

ပြသ

အဆိုပါ သရုပ်ပြပွဲတွင် စိုက်ပျိုးရေးသုတေသနခြံ မန်နေဂျာ ဦးသာထွန်းဦးက သဲကုန်းဒေသ နွေရာသီတွင် စပါးပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် သုခရင်ကဲ့သို့ သက်လျင်အထွက်ကောင်းမျိုးများ သုံးစွဲကြရန်နှင့် စိုက်ချိန်၊ စိုက်နည်းစနစ်၊ သွင်းအားစုပမာဏနှင့် သုံးစွဲပုံ၊ အပင်ကာကွယ်ရေး နည်းလမ်းများ၊ ရိတ်သိမ်းချိန်တို့ကို မှန်ကန်စနစ်ကျစွာ ဆောင်ရွက်သည်များကို အကျယ်တဝင့် ရှင်းလင်းပြသသည်။

ရှင်းလင်း

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းက ယခုခြံက ထွက်သည့် မျိုးသန့်(သုခရင်) စပါးများအား သဲကုန်းမြို့နယ်အတွင်း မိုးစပါးတိုးချဲ့ဧရိယာ ကုန်းမြင့်ပိုင်းဧရိယာများတွင် အကျိုးဆောင်တောင်သူများ ရွေးချယ်ကာ ဆက်လက်ပွားများသွားရန် စီစဉ်ထားကြောင်း ရှင်းလင်းသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံအား မလေးရှားအဖွဲ့ တွေ့ဆုံ

ရန်ကုန် မေ ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံအား မလေးရှားနိုင်ငံ Penang Port Commision မှ ဥက္ကဋ္ဌ H.E Dato' Dr. Neoh Soor Bin နှင့် အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E Dato Cheah Sam Kip လိုက်ပါလျက် ယနေ့မွန်းလွဲ ၁နာရီတွင် ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် ကျိုင်းတုံမြို့ (၅)ရပ်ကွက် နောင်တုံကန်ပတ်လမ်း အမှတ် (၅/င)နေ ဒေါ်နန်းနွတ် (ညွှန်ကြားရေးမှူး-ငြိမ်း)၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်သို့ မေ ၈ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မင်းကွန်းတိပိဋကကျောင်းတော်တွင် တရားပွဲများ ကျင်းပမည်

ရန်ကုန် မေ ၁၄

မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး၏ တိပိဋက=နိကာယကျောင်းတိုက်ကြီးမှ ၁၃၆၅ခု (၅၆)ကြိမ်မြောက် တိပိဋကရေ စာမေးပွဲကြီးတွင် အောင်မြင်တော်မူခဲ့ကြသော အရှင်မြတ်တို့အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကြီးကို တိပိဋကကျောင်းတော် အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်တွင် ကျင်းပမည်ဖြစ်ပြီး တရားပွဲများကျင်းပမည်ဖြစ်ရာ မေ ၂၀ရက် ည ၇နာရီတွင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအင်္ဂီသဆရာတော်၊ ၂၁ရက် ည ၇နာရီတွင် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ ယောဆရာတော်နှင့် ၂၂ရက် ည ၇နာရီတွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ သပိတ်အိုင်ဆရာတော်တို့က ဟောကြားမည်ဖြစ်သည်။ (က-ပ)

၂၀၀၄ခုနှစ် မီနီဟော်ကီမာရသွန်ပြိုင်ပွဲ မျိုးဆက်သစ် လူငယ်(က)အသင်း ဗိုလ်စွဲ

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်က ကြီးမှူး၍ ငပလီအထွေထွေလုပ်ငန်းစုလီမိတက်က အဓိကပံ့ပိုးသည့် ၂၀၀၄ ခုနှစ် Mini Hockey Marathon ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တပ်မတော်မှတ်တမ်းရုံးတပ်မှူး ဗိုလ်မှူးချုပ် မျိုးမြင့်၊ ဒုတိယဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ် (F.I.H) ပြည်ပရေးရာတာဝန်ခံ၊ အာရှဟော်ကီအဖွဲ့ချုပ်(A.H.F) ဟော်ကီအားကစားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ဦးကျော်နိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်ကြီးအောင်ကြည်ဝင်း၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးမြင့်နိုင်၊ တွဲဖက်ပြည်ပရေးရာ တာဝန်ခံ ဦးကျော်ငွေ သိန်းနှင့် အမှုဆောင်များ၊ ဟော်ကီအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် အသက်(၁၄)နှစ်အောက် မျိုးဆက်သစ်လူငယ်အသင်း ခြောက်သင်းပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ ဗိုလ်စွဲသွားသော မျိုးဆက်သစ်လူငယ်(က) အသင်းအား မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌက ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်လိုက်သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

မေ ၁၁ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား မီးသတ်ဦးစီးဌာနသို့ လှူဒါန်းသည့် မီးသတ်ယာဉ်နှင့် စက်ပစ္စည်းများအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းဖော်ပြပြီး) (မီးသတ်ဦးစီး)

၂၀၀၄ခုနှစ် Mini Hockey Marathon ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော မျိုးဆက်သစ်လူငယ်(က)အသင်းအား မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ် (F.I.H) ပြည်ပရေးရာတာဝန်ခံ၊ အာရှဟော်ကီအဖွဲ့ချုပ် (A.H.F) ဟော်ကီအားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးကျော်နိုင်နှင့် တာဝန်ရှိသူများက ဆုဖလားကြီးကို ချီးမြှင့်ပေးအပ်စဉ်။ (သတင်းစဉ်)

မိုးရာသီ ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များသတိပြုပါ

၁။ လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
၂။ မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
၃။ မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
၄။ လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
၅။ အရှိန်ပြင်းစွာ မမောင်းပါနှင့်။
၆။ ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
၇။ ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
၈။ ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
၉။ မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
၁၀။ မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှု မရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး မိုင်းကိုင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လှည့်လည်စစ်ဆေး

ရန်ကုန် မေ ၁၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် မေ ၉ ရက် နံနက် ၇ နာရီတွင် မိုင်းကိုင်မြို့ နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တပ်တွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မိုင်းကိုင်ဆေးရုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းကိုင်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသနေကြသော လူနာများအား အားပေးစကားပြောကြား၍ ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် ဆေးရုံရှင်းလင်းဆောင်တွင် ဆောင်းပေမာန်ကုမ္ပဏီလီမိတက်မှ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းညွှန့်က မိုင်းကိုင်မြို့နယ် ပြည်သူ့ဆေးရုံ ၁၆ ခုတင်ဆံ့မှ ၂၅ခုတင်ဆံ့ တိုးချဲ့ဆောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက လိုအပ်သည်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးပြီး ဆေးရုံသစ်အတွက် အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းညွှန့်က လက်ခံယူသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့သည် မိုင်းကိုင်မြို့နယ် အဆင့်မြင့် ပြည်သူ့ဆေးရုံ ဆောက်လုပ်နေမှု လုပ်ငန်းခွင်သို့ ရောက်ရှိရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာချို့ထွန်းနှင့် ဆောင်းပေမာန် ကုမ္ပဏီတာဝန်ခံ အင်ဂျင်နီယာဦးဝင်းညွှန့်တို့က လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက လိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံ

နံနက်၉နာရီတွင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် မိုင်းကိုင်မြို့ မြို့နယ်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က စိုက်ပျိုးရေ ရရှိရေးအတွက် မြို့နယ်အလိုက် ဆည်တမံများ တည်ဆောက်မည့်အစီအစဉ်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်မှုနှင့် မိုင်းကိုင်မြို့၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ မိုင်းကိုင်မြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ၊ အကောင်အထည်ဖော်ဆောင်ရွက်ပေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ဤဒေသသို့ မိမိတို့လာရောက်ခြင်းမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ် အေးချမ်းမှုမရှိပါက ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးကြန့်ကြာနေမှာဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန် ဆက်သွယ်ရေးလမ်းကြောင်းများ၊ ဆက်သွယ်ရေးစနစ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူများနှင့်ပူးပေါင်း၍ နိုင်ငံတော်၏အကျိုးစီးပွား တိုးတက်အောင်မြင်ရေးကို မိမိတို့၏တာဝန်တစ်ရပ်အဖြစ် ကျင့်သုံးလိုက်နာဆောင်ရွက်သွားကြပါဟု ပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့်အဖွဲ့သည် မိုင်းကိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်ကပ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်အဖွဲ့သည် မိုင်းကိုင်မြို့ရှိ ရွှေမြင်တင်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီးနောက် စေတီတော် ရင်ပြင်တော်ပေါ်ရှိ မွေတော်မြောက်ကျောင်း ဆရာတော် ဦးရေဝတအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ပေါ်တော်မူလုံး ဆိုင်တိန်ဘုရား ဂန္ဓကုဋိတိုက် ဆောက်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

တောင်ငူမြို့ မြတ်စောညီနောင်ဘုရား နောင်တော်စေတီတော်

အနေကဇာတင်မင်္ဂလာအခမ်းအနား ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်ကြည်ညို

တောင်ငူ–ကျောက်ကြီး–စစ်တောင်း–မုပ္ပလင်လမ်းပိုင်းဖောက်လုပ်မှုစစ်ဆေး

ရန်ကုန် မေ ၁၄

ပဲခူးတိုင်း တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင်မြတ်စောညီနောင်ဘုရား၊ နောင်တော်စေတီတော်ဘုရား အနေကဇာတင်မင်္ဂလာအခမ်းအနားကို မေ ၁၀ရက် နေ့နံနက် ၈ နာရီတွင် စေတီတော် ရင်ပြင်ရှိ ဝိဇ္ဇမဟိဒ္ဓိဓမ္မာရုံ၌ကျင်းပရာ မြတ်စောညီနောင်စေတီတော် သြဝါဒါစရိယဆရာတော် ရန်ကုန်ကျောင်းတိုက်မှ ဘဒ္ဒန္တသီလဝံသအမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ပဲခူးတိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလွင်၊ တိုင်းအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ တပ်နယ် တပ်ရင်း/တပ်ဖွဲ့မှူးများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ တက်ရောက်ကြသည်။

— ကိုးပါးသီလခံယူ —

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြတ်စောညီနောင်စေတီတော် သြဝါဒါစရိယ ဒိုးသောင်ကျေးရွာအုပ်စု သရက်တောကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တစန္ဒိမာထံမှ ဒေ့်ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ် တရားတော်များရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် အလှူရှင်များက ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

— လှည့်လည်ကြည်ညို —

ထို့နောက် ဆရာတော်ကြီးများက မြတ်စောညီနောင်ဘုရား နောင်တော်စေတီတော်အား အနေကဇာတင်တော်မူကြပြီးနောက် အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း ရုပ်သိမ်းလိုက်ပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒေ့်ပရိသတ်များသည် စေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် တောင်ငူ– ထန်းတပင် – ဇရပ်ကြီးလမ်းအပိုင်းရှိ ကတ္တရာလမ်းအခြေအနေကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ဇရပ်ကြီးတိုက်နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာရာ ဆေးရုံမှ တိုက်နယ်ဆရာဝန် ဒေါက်တာနေဝင်းသွင်က ဆေးရုံနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တိုက်နယ်ဆေးရုံတွင် ငွေပဒေသာပင် စိုက်ထူနိုင်ရေးအတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဆေးရုံသန့်ရှင်းရေး၊ ဆေးဝါးများ ပြည့်စုံစွာရှိရေးနှင့် လိုအပ်သည်များ မှာကြားပြီး ဆေးရုံအတွင်း လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ထန်းတပင်မြို့နယ် ဇရပ်ကြီးကျေးရွာ နယ်မြေခံ တပ်ရင်းရုံးတွင် တောင်ငူ–ကျောက်ကြီး–စစ်တောင်း–မုပ္ပလင်လမ်း၏ တောင်ငူ–ကျောက်ကြီးလမ်းပိုင်း ဖောက်လုပ်ထားရှိမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများနှင့် စပ်လျဉ်း၍ လမ်းဖောက်လုပ်ရေးတာဝန်ခံ ပဲခူးတိုင်း ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးတင်ထွန်းနှင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ဇရပ်ကြီး–မုန်းကြားရှိ ကျောက်ကြမ်း/ကျောက်ချောလမ်း(၁၈)မိုင်အား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ကျောက်ကြီးမြို့နယ် မုန်းကျေးရွာသို့ ရောက်ရှိ၍ နယ်မြေခံတပ်ရင်းများမှ အရာရှိ/ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားသည်။

— အားပေး —

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ကျောက်ကြီးမြို့နယ် မုန်းတိုက်နယ်ဆေးရုံသို့ သွားရောက်၍ တိုက်နယ်ဆရာဝန် ဒေါက်တာ မြခိုင်နှင့် ဆေးရုံဝန်ထမ်းများအား တွေ့ဆုံကာ ဆေးရုံသန့်ရှင်းသပ်ရပ်ရေး၊ ဆေးရုံငွေပဒေသာပင် စိုက်ထူရေး ဆွေးနွေး မှာကြားပြီးလိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး၍ ဆေးရုံအတွင်း လိုက်လံကြည့်ရှုပြီး လူနာများအား အားပေးခဲ့သည်။

(သတင်းစဉ်)

ဇာသပြင်အနောက်–ကျုံဖဲ–ခရားအတွင်း–သံလှယ်–ကျားကလေးလမ်းဖောက်လုပ်မှု

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် မေ ၁၄

ကရင်ပြည်နယ်ဘားအံမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် မေ ၇ ရက် နံနက်ပိုင်းတွင် ဘားအံမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ဖောက်လုပ်ပြီးနိုင်ငံတော်မှ ကူညီပံ့ပိုးလျက်ရှိသည့် ဇာသပြင်အနောက်–ကျုံဖဲ–ခရားအတွင်း–သံလှယ်–ကျားကလေး မြေသားလမ်းဖောက်လုပ်မှု လုပ်ငန်းခွင် ကျုံဖဲကျေးရွာသို့ နံနက် ၇ နာရီခွဲတွင် ရောက်ရှိသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုသည် ဇာသပြင် အနောက်–ကျုံဖဲ – ခရားအတွင်း – သံလှယ်–ကျားကလေး မြေသားလမ်း ပြီးစီးမှုအခြေအနေနှင့် ကျုံဖဲချောင်းကူး သစ်သားတံတား တည်ဆောက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ကျုံဖဲချောင်းကူးသစ်သားတံတားပေါ်တွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကိုကိုကြီးက ဇာသပြင်အနောက်–ကျုံဖဲ–ခရားအတွင်း–သံလှယ်–ကျားကလေးမြေသားလမ်းဖောက်လုပ်ပြီးစီးမှု၊ ဖောက်လုပ်ရန်ကျန်ရှိမှု၊ ကျုံဖဲဒေသတွင် ပလုပ်မြေ/မြေရိုးဖော်ထုတ်နိုင်မှုတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ကရင်ပြည်နယ် ဆည်မြောင်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ဝင်းက ရေဝင်တူးမြောင်းများ ဖောက်လုပ်မှု၊ တူးမြောင်းသစ်နှင့် ချောင်းများ ဆက်သွယ်ဖောက်လုပ်မှုတို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ယခုဖောက်လုပ်နေသည့် မြေသားလမ်းသည် နောင်တွင် အဆင့်မီ ကားလမ်းအဖြစ် ဖောက်လုပ်နိုင်ရေးအတွက် မျှော်မှန်းပြီး အကျယ်ပေ ၃၀ထက် မနည်းစေဘဲ ဖောက်လုပ်ရေး၊ ရေလျှံကွင်းများတွင် ရေအလွယ်တကူ ထုတ်ယူနိုင်ရေး၊ ပလုပ်လယ်များတွင် ရေတော်မိုးတော် သီးထပ်စိုက်ပျိုးနိုင်ရေး၊ ထွက်ပေါ်လာသည့် ပလုပ်မြေ/ မြေရိုင်းများတွင် လယ်ယာမြေချထားရာတွင် ဒေသခံပြည်သူများအား ဦးစားပေးချထားရေး၊ သတ်မှတ်ကာလအတွင်း လမ်းနှင့် တံတားများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျုံဖဲကျေးရွာ ကန္နားကျောင်း ဆရာတော် ဘဒ္ဒန္တ စန္ဒိမာအား ဖူးမြော်ကြည်ညိုပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အမှာစကားပြောကြား

ထို့နောက် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကန္နား ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဘားအံအစိုးရကွန်ပျူတာကောလိပ် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုအား ဘားအံ–အစိုးရ ကွန်ပျူတာကောလိပ် တည်ဆောက်ပြီးစီးမှု၊ တည်ဆောက်ရန် ကျန်ရှိမှုတို့နှင့် စပ်လျဉ်း၍ ဒုတိယ မန်နေဂျင်းဒါရိုက်တာဦးအောင်ကျော်ကတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လုပ်ငန်းအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီသတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်ရေးမှာကြားသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးစိုးသာ ဩစတြီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၁၄

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆီထွက်သီးနှံဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းနှင့် စပ်လျဉ်း၍ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ အိုပက်ရန်ပုံငွေအဖွဲ့နှင့် စာချုပ် ချုပ်ဆိုခဲ့ပြီးနောက် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ဝန်ကြီး ဦးစိုးသာအား ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဝန်ကြီး ဦးစိုးသာ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသည့် လှိုင်သာယာမြို့နယ် သာယာကုန်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ တေဇဝန္တအား မေ ၉ရက်က စုပေါင်း ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တပည့်ဒါယကာ၊ ဒါယိကာမတို့က ရှစ်ပါးသီလ ခံယူဆောက်တည်ကြစဉ်။

(က-ပ)

ကြိုဆိုနှုတ်ဆက်

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆီထွက်သီးနှံဖွံ့ဖြိုးရေး လုပ်ငန်းစီမံကိန်းနှင့် စပ်လျဉ်း၍ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ အိုပက်ရန်ပုံငွေအဖွဲ့နှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး ပြန်လည်ရောက်ရှိလာရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)

မဂ္ဂင်ကျောင်းတော်ကြီး တည်ဆောက်ရေး ကုသိုလ်ပါဝင်နိုင်

ရန်ကုန် မေ ၁၄

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် မဟာညောင်တုန်းကျောင်းတိုက် မဟာစည်ဩဝါဒခံ လယ်တီစံ သာသနာရိပ်သာတွင် နှစ်ထပ် မဂ္ဂင်ကျောင်းတော်ကြီး တည်ဆောက်ရေးအတွက် ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ပဓာန နာယကဆရာတော်ကြီး၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်များနှင့် ဥပဋ္ဌာက အကျိုးတော်ဆောင်များထံတွင် ကိုယ်တိုင်လှူဒါန်း၍ဖြစ်စေ၊ ရိပ်သာ ဖုန်း-၂၀၁၆၃၄ သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် မေ ၁၄

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က အမှာစကား ပြောကြားသည်။

ဆွေးနွေး

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က ကော်မတီအနေဖြင့် ဆောင်ရွက်ရန် လိုအပ်သည့်ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြသည်။ ဆက်လက်၍ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများကလည်း ပါဝင်ဆွေးနွေးကြသည်။

ယင်းနောက် ရှေ့ဆက်ဆောင်ရွက်ရန်လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြပြီး ညနေပိုင်းတွင် ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်အဆင့်မြင့်ရေး ဆောင်ရွက်မှုများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်မြို့တော် အဆင့်မြင့်ရေး၊ အမြင်တင့်တယ်လှပစေရေး၊ တိုးတက်လာသည့် မြို့တော်နေလူဦးရေနှင့်အညီ သောက်သုံးရေ ဖူလုံစွာရရှိစေရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန်အား အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ငွေးက ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းဈေးရှေ့၌ လူသွားစင်္ကြံကျောက်ပြားများ အသစ်လဲလှယ်ခင်းကျင်းနေမှု၊ ကတ်တုံးများ ပြုပြင်ပြီးစီးမှုနှင့် ခရီးသည်နားနေဆောင်များ ပြုပြင်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးသောင်းရင်က ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်းအကြား ဗိုလ်ဆွန်ပက်လမ်းတွင် မူလဆက်သွယ်ထားရှိသည့် သံကြွပ်ပိုက်များကို အချင်း ခြောက်လက်မရှိ UPVC ပိုက်များအစားထိုးလဲလှယ်ခြင်းဖြင့် ပြည်သူအများ သောက်သုံးရေ ပိုမိုဖူလုံစွာရရှိနိုင်ရေး ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း မြေပုံများဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့တော်ဝန်သည် ရပ်ကွက်ပြည်သူများအား ရင်းနှီးစွာတွေ့ဆုံနှုတ်ဆက်ပြီး မြို့တော်စည်ပင်၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် ပူးပေါင်းကူညီပါဝင်ဆောင်ရွက်ရေး၊ သတ်မှတ်စည်းမျဉ်း စည်းကမ်းများအတိုင်း လိုက်နာရေးနှင့် သက်ဆိုင်ရာ လုပ်ငန်းအလိုက် တာဝန်ရှိသူများအားလုပ်ငန်းများကို စနစ်တကျဖြင့် စေတနာထားလုပ်ဆောင်ရေး မှာကြားသည်။

ယခုအခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အနေဖြင့် ပန်းဘဲတန်းမြို့နယ်တွင် တိုးတက်လာသော လူဦးရေနှင့်အညီ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိနိုင်ရန် ရည်ရွယ်၍ ၂၈လမ်း(အလယ်) ၂၉လမ်း(အထက်)နှင့် ဗိုလ်ဆွန်ပက်လမ်း(အထက်)တို့တွင် သံကြွပ်ရေပိုက်လိုင်း အဟောင်းများကို UPVC ပိုက်များဖြင့် အစားထိုးလဲလှယ်ဆက်သွယ်ပေးပြီးဖြစ်သည်။ (သတင်းစဉ်)

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် အမှာစကား ပြောကြားစဉ်။

(နိုင်ငံခြားရေး)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ပါ

၁။ သွေးလွန်တုပ်ကွေးရောဂါသည် အသက် ၃ နှစ်မှ ၁၄ နှစ်အထိ ကလေးငယ်များတွင် ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါဖြစ်လျှင် ရင်သွေးငယ်များအသက်ဆုံးပါးရသည်အထိဖြစ်နိုင်သဖြင့် မိမိတို့၏ရင်သွေးများ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျားအကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန်နှင့် မိမိတို့ရင်သွေးများ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါမှကာကွယ်ရန်-

(က) ရေစည်ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။

(ခ) ရေအိုး၊ ဩောင်ရေအိုးတို့မှ ရေကို နေ့စဉ် လဲလှယ်ပေးပါ။

(ဂ) ရေစည်၊ ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။

(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှားရှင်းလင်းပါ။

(င) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင် ဖွင့်ထားပါ။

(စ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းစွာထားပါ။

(ဆ) ကလေးများအိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။

(ဇ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို မြေဖို့ပါ။

(ဈ) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများကို ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။

လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန်နှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီ ပို့ဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

Miss Asean Culture 2004 ရွေးချယ်ပွဲကျင်းပရေး ပြန်ကြားရေးဆပ်ကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁၄

Miss Asean Culture 2004 ရွေးချယ်ပွဲကျင်းပရေး ပြန်ကြားရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီးနောက် Miss Asean Culture 2004 ပြန်ကြားရေးဆပ်ကော်မတီ အဖွဲ့ဝင် ဦးမိုးကျော်က ပြန်ကြားရေးလုပ်ငန်းဆိုင်ရာများကို ရုပ်ပုံကားချပ်များဖြင့် ပြသပြီး ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက သိရှိလိုသည်များကို ဝိုင်းဝန်းဆွေးနွေး မေးမြန်းကြ၍ ပြန်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ဆွေးနွေး ဆုံးဖြတ်ကြပြီးနောက် သဘာပတိ ဒေါက်တာတင်ထွန်းဦးက နိဂုံးချုပ် ကျေးဇူးတင်စကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စမ်းချောင်းလမ်း (၁၀)ရက်တရားစခန်းဖွင့်မည်

ရန်ကုန်   မေ   ၁၄

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အကျင့်မြတ် အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းဆရာ ဦးကျော်နိုင်ထွန်းက စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ်(၂၉)ဒုတိယလွှာတွင် မေ၁၅ရက်မှ ၂၄ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ၅နာရီအထိ ဓမ္မဒါနပြုမည်ဖြစ်၍ မည်သူမဆို လာရောက်အားထုတ်နိုင်ပါကြောင်းနှင့် နေ့စဉ်ည ၆း၃၀နာရီမှ ၈နာရီအထိ မည်သူမဆိုလာရောက်အားထုတ်နိုင်ကြောင်းသိရသည်။ (က-ပ)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

1. **Marketing Manager** 2 Posts
2. **Sales Promoter** (မုန့်ရောင်းရန်) 5 Posts

ကြော်ငြာပါသည့်ရက်မှ တစ်ပတ်အတွင်း C.V အလုပ်သမားမှတ်ပုံတင် မိတ္တူနှင့် တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

မန်းမြို့တော်

အမှတ်(၁၉၄၇)၊ရန်ကုန်-ပုသိမ်လမ်းမကြီးနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ (၅)ရပ်ကွက်၊ လှိုင်သာယာ(စက်မှုဇုန်)၊ဖုန်း-၇၂၁၀၇၈။

Y.E.S.

Basic Spoken English MAY -10, 17,24
Pre-Intermediate English MAY - 4, 17
Intermediate English & IELTS MAY-17,22
TOEFL & Basic Writing Course MAY-10,17
VEC,GFC,AWC,SAT (II)/AE,SAT(I) MAY-4
B.S. Conversation Club
No.118, Y.M.C.A Building
245821

ဆရာတော် ဘဒ္ဒန္တ ပဏ္ဍာဝံသ၏ ဝိဇာတ မွေးနေ့မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန်   မေ   ၁၄

မော်လမြိုင်မြို့ အောင်ဇမ္ဗူဓမ္မရိပ်သာ ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍာဝံသ၏ သက်တော်(၄၁)နှစ်မြောက် ဝိဇာတ မွေးနေ့မင်္ဂလာအခမ်းအနားကို မေ ၃ရက်တွင် ယင်းကျောင်းတိုက်၌ ကျင်းပရာ မော်လမြိုင်မြို့ပေါ်ရှိ ဩဝါဒါစရိယဆရာတော်ကြီးများ၊ သံဃာတော်များ၊ အလှူရှင်များ၊ ကျောင်းဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဩဝါဒါစရိယ ဆရာတော်ကြီးများက ဝိဇာတမွေးနေ့ မင်္ဂလာ ဩဝါဒကထာများကို ချီးမြှင့်တော်မူကြပြီး အလှူရှင်များက ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

MES Corporate Member Company များ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

KMD ၂၀၀၄ ခုနှစ် မေလ ကွန်ပျူတာနည်းပညာပြပွဲ

Strand Hotel

Tel : 245180, 381035, 381776, 500295, 243595

စူပါသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန်   မေ   ၁၄

အကယ်ဒမီရတဲ့အထိ ကြိုးစားမယ်ဆိုသောဆုရွှန်းလဲ့၏ မျက်နှာဖုံး အလှပုံရိပ်နှင့်အတူ ဂျပန်ပြည်ရောက် မြန်မာသရုပ်ဆောင်များ၊ ကာရန်အလွဲအောင်မြင်တာ မစိုးကြီးကြောင့်လား၊ နန္ဒာကြောင့်လား၊ ကိုယ်ဝန်ဆောင်ကြမယ့် မင်းသမီးစာရင်း၊ စူပါ သရုပ်ဆောင်တို့ရဲ့နာမည် ရှေ့နောက်ကိစ္စ၊ နန္ဒာလှိုင် တစ်ကိုယ်တော်သရုပ်ဆောင်ထားပြီး နော်လီဇာသီဆိုတဲ့ ရက်ရက်စက်စက် ဗီစီဒီ ကာရာအိုကေ၊ ထက်ထက်မိုးဦး ဘာကြောင့် စူပါဖြစ်လာသလဲ၊ စူပါတို့ လျှောက်သောလမ်း၊ စူပါသရုပ်ဆောင်တွေ မပါဘဲ ထူးခြားဦးမယ့်ဇာတ်ကား၊ ဝင်းပပလှသူလေးနဲ့ ဘရိုင်ယန်လီဖြောင်ဟွန်း၊ တကယ်ချစ်တာနှစ်ယောက်တည်းပါ ဆိုတဲ့ ကမ္ဘာကျော်ပေါ့ပ်အဆိုတော် ကိုင်လီမင်နော့စသော ပြည်တွင်း ပြည်ပ အနုပညာနယ်ပယ်မှ စူပါတို့၏ ဘဝ၊ အလှ၊ ဒဿနများအား တဝကြီးဖတ်ရမည့် စူပါသတင်းဂျာနယ်ကို ဆင်တောင်ကြီးစာပေ၊ အမှတ်(၄၁)၊ ၂၉လမ်း၊ ရန်ကုန်က ယနေ့ဖြန့်ချိကြောင်းသိရသည်။ (က-ပ)

ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန်   မေ   ၁၄

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် မနောသုခ ကျောင်းတိုက် မိုးကုတ်အဖွဲ့ခွဲ (၁၂၅)တွင် ပဓာန နာယက အဖွဲ့ချုပ် ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တ ပရမ ကြီးမှူး၍ ကမ္မဋ္ဌာနာစရိယ အရှင်ဥတ္တရဝံသ (သာသန သိရီပဝရ ဓမ္မာစရိယ မြန်အောင်) နှင့် ဆရာကြီး ဦးကျော်မင်း၊ သီလရှင်ဆရာကြီး ဒေါ်ဝိဇ္ဇာသိင်္ဂီ တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မေ ၁၉ရက်မှ ၂၅ ရက်အထိ ဟောကြားပြသမည်ဖြစ်၍ မေ၁၈ရက်တွင် တရားစခန်း ဝင်ရောက်နိုင်ကြောင်း နှိုးဆော်ထားသည်။ (က-ပ)

INFORMATICS

- Advanced Diploma In Computer Studies
- Advanced Diploma In Information Technology
- Advanced Diploma In Info-Comm Technology
- Diploma In Computer Studies
- Diploma In Information Technology
- Diploma In Info-Comm Technology

Enrol Now!

- Basic Information Technology
- Desktop Publishing
- PC Upgrade & Maintenance
- Graphic Design
- Applied Network
- Office XP
- Accpac Plus
- Programming
- Web Design
- AutoCAD

220/222, Botataung Pagoda Rd. Ph: 200343, 296829, 203188
2nd floor, Myaynigone Plaza, Sanchaung Tsp. Ph: 525971, 706740
70(B),Shwegondine Rd.Bahan Tsp. Ph: 558360

သူရိယစားသောက်ဆိုင်

Billiard, Darts Board

ACE Data Systems

ကွန်ပျူတာ သင်တန်းများ

Software Engineering Level (1)

- Computer Systems
- C Programming
- Java Programming

17th May

Managed by BizSoft

သုခသီတာ ငန်းနီကျော်

FAME

Hepa-B®

Hepatitis B virus

GMP & ISO 9001:2000

FAME Pharmaceuticals

မိုးသီးနှံလျှော်ထားချက် စီမံကိန်းတာဝန်များ ပေးအပ် မျိုးသန့်ဖုန် သတ်မှတ်၍ ဝါစိုက်ပျိုးမည့် အစီအစဉ်ရှင်း

ဆားလင်းကြီး မေ ၁၀

ဆားလင်းကြီးမြို့နယ် ၂၀၀၄-၂၀၀၅ ခုနှစ် မိုးသီးနှံလျှော်ထားချက် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂ ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ထွေးက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးမြင့်အောင်က လယ်မြေတိုးချဲ့စိုက်ပျိုးရေး၊ ယာမြေကို လယ်မြေအဖြစ် တိုးချဲ့စိုက်ပျိုးရေး၊ မြေယာပြုပြင်ရေး နည်းစနစ်များကိုလည်းကောင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကံဝင်းက စပါးစိုက်ဧက ပြည့်မီရေးအတွက် မြေယာစိစစ်ဖော်ထုတ် တာဝန်ပေးအပ်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်းမန်နေဂျာ ဦးအောင်သန်းဦးက အထူးဖုန်၊ မျိုးသန့်ဖုန်များ သတ်မှတ်၍ ဝါစိုက်ပျိုးထုတ်လုပ်မည့် အစီအစဉ်များကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားကြသည်။

စစ်ကိုင်းတိုင်းတွင် ၂၀၀၆-၂၀၀၇ ခုနှစ်၌ စပါးစိုက်ဧက သိန်း ၂၀ ပြည့်မီနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဆားလင်းကြီးမြို့နယ်အနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စပါးဧက ၅၅၅၀၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဧက ၁၀၃၅၀၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧက ၁၇၁၅၀ စိုက်ပျိုးထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၄၃၅)**

မာလာကျေးရွာ၌ စက်ရေတွင်းဖွင့် ရေကောင်းရေသန့် တစ်နာရီ ဂါလန် ၁၂၀၀ထွက်ရှိ

တောင်သာ မေ ၅

တောင်သာမြို့နယ် မာလာကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တူးဖော်ပြီးစီးသွားသော စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မေ ၂ ရက် နံနက် ၉ နာရီက ကျင်းပရာ တောင်သာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောသန့်ဆွေက အမှာစကားပြောကြားပြီး ဒုလက်ထောက်အင်ဂျင်နီယာ ဒေါ်ချိုချိုက စက်ရေတွင်းနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ရေကောင်းရေသန့်

အဆိုပါ စက်ရေတွင်းမှာ အနက်ပေ ၂၀၀ နှင့် ရေထွက်နှုန်း တစ်နာရီလျှင် ဂါလန် ၁၂၀၀ ရေကောင်းရေသန့်များ ထွက်ရှိပြီး ကုန်ကျငွေ စုစုပေါင်း ကျပ် ၈၃၆၆၁၄ ကျပ်ဖြစ်ကြောင်း သိရသည်။

ဖဲကြိုးဖြတ်ဖွင့်

အဆိုပါ စက်ရေတွင်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးစောသန့်ဆွေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(၉၃)**

ပုသိမ်ပညာရေးကောလိပ် မြန်မာစာဌာနအတွက် တန်ဖိုးကျပ် ၅၅၀၀၀ ကို သင်ကြားရေးအထောက်အကူပြု စာအုပ်မျိုးစုံ စာအုပ်များကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံ (မ/န) ရပ်ကွက် အမှတ်(၄၂/၇) ဦးဇော်မြင့် (တက္ကသိုလ်ဘုန်းမောင်) ဒေါ်စိန်မြိုင် (စောသန္တာထွန်း)နှင့် သမီး စောသဥ္စာထိုက်တို့က မေ ၁၁ ရက်တွင် ပုသိမ်ပညာရေးကောလိပ်၌ ပေးအပ်လှူဒါန်းရာ လေ့ကျင့်ရေးဌာနမှူး ဒေါ်ကျင်ငြိမ်းနှင့် မြန်မာစာဌာနတာဝန်ခံ ဒေါ်ဝေဝေဖြူတို့ လက်ခံရယူစဉ်။ (က-ပ)

မြင်းခြံမြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူနှင့် ဆီမီးခုံစံပြကျေးရွာ၊ တလုပ်မြို့စံပြကျေးရွာများမှ လေ့လာရေးအဖွဲ့ဝင်များ ကျောက်ဆည်မြို့နယ် တံစိုးကျေးရွာရှိ ဇီဝဓာတ်ငွေ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ တည်ဆောက်ထားရှိမှုအခြေအနေနှင့် ဓာတ်အားထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုလေ့လာကြစဉ်။ (၁၁၄)

ကြီးကြပ်ဆောင်ရွက်

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကျော်သူနှင့် မြို့ပြတည်ဆောက်ရေးဌာနစိတ် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဇင်မာလွင်တို့ ဧပြီ ၂၅ ရက်တွင် ဗျူဟာကုန်းလမ်း လမ်းပေါက်ဖာခြင်းလုပ်ငန်းကို အနီးကပ် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်/စည်ပင်)

မိုင်းဖြတ်မြို့နယ် နွေစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ နွေစပါးစံကွက် ရိတ်သိမ်းမှု ရှင်းလင်းတင်ပြ

မိုင်းဖြတ် မေ ၁၀

မိုင်းဖြတ်မြို့နယ် ၂၀၀၃-၂၀၀၄ ခုနှစ် နွေစပါးစံကွက် ရိတ်သိမ်းပွဲ အခမ်းအနားကို မေ ၂ ရက် နံနက် ၈ နာရီက မြို့မရပ် ကွင်းအမှတ်(၉/၁၅)၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းအောင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးယဉ်ထွန်းတို့က နွေစပါးစံကွက်ရိတ်သိမ်းမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နွေစပါးစံကွက်ရိတ်သိမ်းမှုအစီအစဉ်ကို ဆက်လက်ကျင်းပရာ စံကွက်ရိတ်သိမ်းမှုအရ တစ်ဧကအထွက်နှုန်း စပါးတင်း ၈၃ ဒသမ ၄၇ တင်းထွက်ရှိကြောင်းနှင့် မိုင်းဖြတ်မြို့နယ်တွင် ယခုနှစ် နွေစပါး ၈၁၂ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ကျင်းပ

ဝက်ဝံကျေးရွာ အရန်မီးသတ်တပ်ဖွဲ့အား ဂုဏ်ပြုလွှာပေးအပ်

ပြင်ဦးလွင် မေ ၁၀

(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက်က ပြင်ဦးလွင်မြို့နယ် မြန်မာနိုင်ငံ မြေတိုင်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ် မင်းအောင်လှိုင်နှင့် တပ်နယ်အတွင်းရှိ တပ်မှူးများ၊ ပြင်ဦးလွင်ခရိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသော အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပါစည်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဇော်ဝင်းကျော်က တစ်နှစ်တာ မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းဆောင်ရွက်ခဲ့မှုများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၀၃-၂၀၀၄ ခုနှစ်အတွင်း ပြင်ဦးလွင်မြို့နယ်၏ လုပ်ရှားမှုနှင့် စွမ်းဆောင်မှု အကောင်းဆုံးဆုရ ဝက်ဝံကျေးရွာ အရန်မီးသတ်တပ်ဖွဲ့အား တပ်နယ်မှူးက ဂုဏ်ပြုလွှာပေးအပ်ပြီး ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများက မြို့နယ်မီးဘေးတားဆီးရေးအဖွဲ့သို့ ငွေပဒေသာပင်စိုက်ထူရန်အတွက် အလှူငွေကျပ် ၈၄၃၀၀၀ ကို လှူဒါန်းပေးအပ်သည်။ **(၄၂၁)**

မြို့နယ် သတင်းများ

ပျော်ဘွယ်မြို့ သန့်ရှင်းရေးအတွက် ရွှေပြည်ရန်လုံရပ်ကွက်ရှိ ရေမြောင်းများ ဆယ်ယူခြင်းလုပ်ငန်းကို ဧပြီ ၂၉ ရက်က ဝန်ထမ်းများ၊ ပြည်သူများနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ကြရာ စည်ပင်အမှုဆောင်အရာရှိ ဦးစိုးဝင်းကျော်၊ ဒုဦးစီးမှူး(သန့်ရှင်းရေး) ဦးသိန်းကျော်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမျိုးအောင်တို့ အနီးကပ် ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဗန်းမောက်မြို့နယ်၌ အရန်သားဖွားသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

ဗန်းမောက် မေ ၈

ကသာခရိုင် ဗန်းမောက်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အမျိုးသမီး အရန်သားဖွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခန်းမ၌ ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးဌေးညွန့်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ဒေါက်တာအောင်သိန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ သင်ကြားရေးနည်းစနစ်များ၊ သင်တန်းကာလ စည်းကမ်းချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် အမျိုးသမီးသင်တန်းသူ ၂၀ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ စာတွေ့လက်တွေ့ ပေါင်း ခြောက်လ ကြာမြင့်မည်ဖြစ်သည်။ **(မြို့နယ်ပြန်/ဆက်)**

လူမှောင်ခိုကူးမှု ပညာပေးဟောပြော

မကွေး မေ ၄

မကွေးတိုင်း မှုခင်းကျဆင်းရေးနှင့် ပညာပေးသတင်းထုတ်ပြန်ရေးကော်မတီမှ ကြီးမှူး၍ လူမှောင်ခိုကူးမှုဆိုင်ရာ ပညာပေးဟောပြောပွဲများကို ဧပြီ ၂၉ ရက် နံနက် ၉ နာရီက ချောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမနှင့် ည ၈ နာရီတွင် စလေမြို့ ဦးပုညခန်းမတွင် ကျင်းပသည်။

—— ဟောပြော ——

အလားတူ ရေနံချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ဧပြီ ၃၀ ရက် နံနက် ၉ နာရီတွင်လည်းကောင်း၊ မကွေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ညနေ ၄ နာရီတွင်လည်းကောင်း ကျင်းပရာ စာရေးဆရာဝင်းနွယ်(သစ်တော)နှင့် မြန်မာပြည် ဆရာဟိန်းတို့က ဟောပြောကြောင်း သိရသည်။ **(၃၃၃)**

ဆိုင်ဖွင့်ပွဲဥနှစ်ပြည့်အထူး
30% Off

အရှေ့တိုင်းမျက်မှန်

ပါဝါ မျက်ကပ်မှန် အထူးလျှော့ဈေး
၃၆၊ ရွှေဘုံသာအထက်လမ်း 280458
၁၁၅၊ မဟာဗန္ဓုလလမ်း၊ ယုဇနပလာဇာ

ဇဟို



၅ နှစ်အာမခံ (လက်ခံမှု)

3 kW နှင့်အထက်ဝယ်ယူသူများအတွက်

- အိမ်တိုင်ယာရောက် ပို့ဆောင်ပေးခြင်း(ရန်ကုန်မြို့တွင်သာ)။
- အခမဲ့ တပ်ဆင်ပေးခြင်း ။
- လက်ဆောင်ပစ္စည်းများ ထပ်ဆောင်းပေးခြင်း ။

SALES CENTERS ၁-၄-၂၀၀၄ မှ ၃၁-၅-၂၀၀၄ အထိ

KMD Computer Centre

IDCS/IDEC

သင်တန်းသစ်များ ဖွင့်လှစ်
31 May 2004
(1:00 to 5:00 PM)
Mon - Fri

Year 1 ... Year 2 (IAD) နှင့် Year 3 (BCIS) ...
England, Australia, Malaysia ...

Further Studies — Year One: IDCS/IDEC ▶ Year Two: IAD ▶ Year Three: BCIS

KMD (Head Office) :550-552, Merchant Road, Kyauktada Tsp., Ygn.
Tel : 248155 / 381035 Email: kmd.ncc@yangon.net.mm

တို့တေးသိန်းတန်

ကိုယ်တိုင်သီဆိုသည့်

❁ မှားပါတယ် မယ်မင်းကြီးမ ❁

ဇီဇီဇီကာရာအိုကေအား ထင်ရှူးရိုပ် ဇီဇီပိုထုတ်လုပ်ဖြန့်ချိရေး

အမှတ် ၅၁၅၊ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ။

KM CENTRE

သင်တန်းသစ်များ 5th June ဖွင့်မည်

LCCI Level I, II

၂၅၄ နံ့သာလမ်း၊ ... ☏ : 221160

SHINE AC-DC

ဝင်းယူနတီအပန်းဖြေဟိုတယ်

မုံရွာမြို့၏ အကြီးဆုံးနှင့် အလှပဆုံး အပန်းဖြေဟိုတယ်ကို ပဏာမ ဖွင့်လှစ်ထားပါပြီ။

ကန်သာယာ၏ နံနက်ခင်းလေနုအေးနှင့် နေထွက်ချိန်၊ နေဝင်ချိန်အလှကိုခံစားရင်း အနားယူအပန်းဖြေနိုင်ပါပြီ။ အခန်းတိုင်းတွင် Air-con, Satellite TV, Mini Soft-Drink, IDD Phone, Water Heater များဖြင့် ဝန်ဆောင်မှုအပြည့်အဝ ပေးလျက်ရှိပါသည်။

ဗိုလ်ချုပ်လမ်း၊ ရုံးကြီးရပ်၊ ကန်သာယာ၊ မုံရွာမြို့။
ဖုန်း - ၀၇၁ ၂၂၄၃၀
၀၇၁ ၂၂၀၁၃

ရန်ကုန်ရုံး - C-1 သီရိမင်္ဂလာဥယျာဉ်အိမ်ယာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်။
ဖုန်း - ၀၁ ၂၂၇၃၀၈ ၊ ၂၂၀၄၄၆
ဖက်စ် - ၀၁ ၂၁၁၆၃၂ ၊

SAYA DOUGLAS

လုပ်ငန်းခွင်သုံး
ထိုင်းဘာသာ ထိုင်းစကား
အရေး၊ အဖတ်၊ အပြော၊ ဘာသာပြန်
ကျွမ်းကျင်မှုသင်တန်း
အမှတ် (၂၀၄)၊ ၃၄ လမ်း အထက်၊
ဖုံး-377121

ဝန်ထမ်းအလိုရှိသည် (ပြည်ထွက်ပို့ကုန်လုပ်ငန်း)

၁။ B.E (Electronic) အသက် ၃၅ နှစ်အောက်
၂။ A.G.T.I (Electronic) အသက် ၃၅ နှစ်အောက်
၃။ Admin Staff အသက် ၃၅ နှစ်အောက်
၄။ Computer Operator အသက် ၃၀ နှစ်အောက်
၅။ Driver အသက် ၃၀-၄၅ ကြား

Bagan Hotel (ပုဂံမြို့ဟောင်း)

တယ်လီဖုန်းနံပါတ်များပြောင်းလဲခြင်း

Bagan Hotel(ပုဂံမြို့ဟောင်း)အား အောက်ပါတယ်လီဖုန်းနံပါတ်များဖြင့် ပြောင်းလဲဆက်သွယ်ကြပါရန်။

Bagan Hotel Tel; Fax:061-60032, 02-67145
09-2042138, 2042139, 2042140
Yangon Office Tel :01-249620, 249622, 09-2005820
Fax : 243240, 379166

စရသင်း(၆)မျိုး အထူးကုသမားတော်ကြီး ဦးကျော်ဟိုး

ဆရာကြီးဦးကျော်ဟိုးသည် သထုံမြို့၊ ဘင်လှိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော စရသင်း(၆)မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန် (၇)မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဝေဒနာရှင်များကို သိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှ နနွင်းခါး၊ ဘုမ္မရာဇာ၊ ဆင်တုံးမနွယ်သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါကို ဖိတ်ခေါ်လိုက်ပါသည်။

ဥပုသ်နေ့ပိတ်သည်
သမားတော်ကြီး ဦးကျော်ဟိုး
အမှတ်(၃၇/၂)၊ ဇင်ယော်လမ်း၊ (၁၄)ရပ်ကွက်၊ မြင်သာအိမ်ရာ(၂)၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်

(ပြည်ထွက်ပို့ကုန်လုပ်ငန်း)

Pinya Manufacturing Co., Ltd. Max

(၁) Vehicle Maintenance Manager
- B.E (Mechanical)

(၂) Mechanical Engineer
- B.E (Mechanical)

(၃) Asst;Production Supervisor/Production Supervisor
- B.E(Mechanical),B.E(Electrical)

(၄) Asst;Machine Operator/Machine Operator
- A.G.T.I (M.P,M.T or Electrical)/B.E (Mech/Elect)

(၅) Asst;Processing Technician /Processing Technician
- B.Sc(Chem),B.Sc(I.C),A.G.T.I(F/C)

(၆) Asst;Q/C Technician/ Q/C Technician
- B.Sc(Chem),B.Sc(I.C),A.G.T.I(F/C)

(၇) Asst;Maintenance Technician/Maintenance Technician
- A.G.T.I (M.P,M.T)

(၈) Sales Supervisor
- ... Dyna,Canter

(၉) Sales Representative
- ... Dyna,Canter

(၁၀) Mechanics

(၁၁) Driver

Phone 685352, Fax:680669, e-mail:PINYA@mptmail.net.mm

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

နှစ်ဖက်မိဘများ၏သဘောတူခွင့်ပြုချက်အရ ရန်ကုန်မြို့ တရားရုံးချုပ် ဦးတိုက်ပိ (ညွှန်ကြားရေးမှူး၊ တရားမတရားစီရင်ရေးဌာန)ရှေ့မှောက်တွင် ကျွန်တော် မောင်မောင်စိုး [၁၃/တကန(နိုင်)၀၄၉၁၀၈]နှင့် ကျွန်မ မနွဲ့နွဲ့လှိုင် [၁၃/တကန(နိုင်) ၀၂၁၇၁၉] တို့သည် ၁၃–၅–၂၀၀၄နေ့တွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

ကိုမောင်မောင်စိုး–မနွဲ့နွဲ့လှိုင်။

ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ကြေညာချက်

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၄)တွင် ဤဦးစီးဌာန၏စီစဉ်ကြီးကြပ်မှုဖြင့် ယုဇနဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသော ဒဂုံရတနာအိမ်ရာစီမံကိန်းဧရိယာအား ဒဂုံမြို့သစ်တောင်ပိုင်း၊ စက်မှုဇုန်(၃)၏ စီမံခန့်ခွဲမှုအောက်တွင် ထည့်သွင်းပြီးဖြစ်၍ စက်မှုဇုန်တစ်ခုအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ဝန်ထမ်းအလိုရှိသည်။

(၁) Public Relation Manager (၁) ဦး
(၂) Public Relation Executive (၂) ဦး
(၃) Operation Executive (၁) ဦး
(၄) Operation Officer (၂) ဦး
(၅) Operation Assistant (၂) ဦး
(၆) Document & Customer Services Executive (၁) ဦး
(၇) Document & Customer Services Officer (၂) ဦး
(၈) Document & Customer Services Assistant (၂) ဦး

မုံရွာစီးပွားရေးတက္ကသိုလ်
ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (အမ်ပီအေ)
သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(အမ်ပီအေ)သင်တန်းကို ၂၀၀၄ခုနှစ် ဇွန်လအတွင်း ဖွင့်လှစ်မည်ဖြစ်ရာ အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်လွှာ ဝယ်ယူတင်သွင်းနိုင်ပါသည်။
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူမဖြစ်စေရ။
(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်းအချိန်ပြည့်မီစွာတက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး၊ စီးပွားရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလက်အောက်ခံ နိုင်ငံတကာအဖွဲ့အစည်းများမှ ဝန်ထမ်းများ၊ ပြင်ပပုဂ္ဂိုလ်များ။

၂။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို မုံရွာစီးပွားရေးတက္ကသိုလ်ကျောင်းသားရေးရာဌာန၌ ၁၇–၅–၂၀၀၄ရက်နေ့မှစ၍ ဝယ်ယူနိုင်ပြီး ၂၈–၅–၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းရမည်။

၃။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁–၆–၂၀၀၄ရက်နေ့တွင်လည်းကောင်း၊ နှုတ်ဖြေစာမေးပွဲကို ၄–၆–၂၀၀၄ရက်နှင့် ၅–၆–၂၀၀၄ရက်နေ့များတွင် စစ်ဆေးရွေးချယ်ပြီး သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၄။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မုံရွာစီးပွားရေးတက္ကသိုလ်ကျောင်းသားရေးရာဌာန၌ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်သို့ စုံစမ်းနိုင်ပါသည်။ (ဖုန်း–၀၇၁–၂၂၆၇၂၊ ၀၇၁–၂၉၃၂၉)

ဦးနီ
ဌာနမှူး၊ သင်တန်းရေးရာ(ပူးတွဲ)
မုံရွာစီးပွားရေးတက္ကသိုလ်။

အမြန်အလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

First Top Co., Ltd.ဆပ်ပြာမှုန့်ဖြန့်ချိရေးဌာနတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ လက်ထောက်အရောင်းမန်နေဂျာ — **ကျား (၁) ဦး**
– ဘွဲ့ရ၊ အတွေ့အကြုံ(၃)နှစ်ရှိပြီး၊ မန္တလေးရုံးခွဲတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ လက်ထောက်စာရင်းကိုင် — **မ (၂) ဦး**
– B.Com (or) LCCI Level III
– ကွန်ပျူတာတတ်ကျွမ်းသူဖြစ်ရမည်။

၃။ Assistant Sale Incharge (Regional) — **ကျား (၂) ဦး**
– ဘွဲ့ရ၊ နယ်ခရီးထွက်နိုင်၍ အရောင်းကျွမ်းကျင်သူဖြစ်ရမည်။

၄။ ရောင်း / မောင်း (Salesman) — **ကျား (၅) ဦး**
– ဘွဲ့ရ၊ (၃)တန် Container ကားမောင်းနိုင်၍ နယ်ခရီးထွက်နိုင်သူ ဦးစားပေးမည်။

၅။ ယာဉ်မောင်း — **ကျား (၂) ဦး**
– ဘွဲ့ရ၊ နယ်ခရီးမောင်းနိုင်၍ အတွေ့အကြုံရှိသူ ဦးစားပေးမည်။

၆။ Sale Promoter (အရောင်းမြှင့်တင်ရေးဝန်ထမ်း) — **မ (၃) ဦး**
– ဘွဲ့ရ၊ Consumer Product ပတ်သက်၍နှင့်သိရှိပြီး၊ နယ်ညအိပ်ခရီးသွားနိုင်သူဖြစ်ရမည်။

လျှောက်ထားသူသည် ပညာအရည်အချင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံနှင့် အတူ ဤကြော်ငြာပါပြီး (၇)ရက်အတွင်း **First Top Co., Ltd. အမှတ်–၄၇/၄၈၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့**သို့ လျှောက်ထားနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၄ခုနှစ် မေလ ၁၃ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့် ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	Myanmar Convention Centre အတွက် Sound System & Stage Lighting System များ	1 Lot
၂။	သံချောင်းလုံးများ	၄၂ ဒသမ ၅၂၅ တန်
၃။	ဂဝံကျောက်	၆၅၀ ကျင်း
၄။	ထုံး	၁၇၀၀၀ အိတ်

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၈–၅–၂၀၀၄ရက်နေ့ (၁၆:၀၀)နာရီအချိန် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစု၊ ဖုန်းအမှတ်–၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ဆရာမ ဒေါ်ကြည်ကြည်မြ

ကမ္ဘာသုံး တရုတ်ဘာသာ (စကားပြော)
အရေး၊ စာဖတ် အတတ်သင်
အမှတ်–၉(A)၊ မြို့ပတ်(၁)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ကြက်ဘဲဒိုင်အရှေ့။

မောင်သာနိုး
ဗေဒင်ဘိတ်ဝတ်မိုးတိမ်

မောင်ခင်မင်(ဓနုဖြူ)

အမြန်ငှားမည်

FLORA DIGITAL PRINTING CO., LTD

PH: 01-296895

အမည်ပြောင်းခြင်း

ဦးမျိုးညွန့်၏သမီး အထက(၂) စမ်းချောင်း၊ သတ္တမတန်း(B)မှ မသင်းဝါဝါထက်အား ယနေ့မှစ၍ မချယ်ရီလင်းလင်းဟု ပြောင်းလဲခေါ်ပါရန်။ **မချယ်ရီလင်းလင်း။**

အမည်ပြောင်းခြင်း

အဘ ဦးကျော်ရွှေ၏ သမီးဖြစ်သူ အထက(၁) တ/ဥက္ကလာပ၊ စတုတ္ထတန်း(B)မှ မိမိကျော်အား မဆုစန္ဒီရွှေဟု ပြောင်းလဲခေါ်ပါရန်။ **မဆုစန္ဒီရွှေ။**

အမည်ပြောင်းခြင်း

အဘ ဦးစိုးရှိန်၏သား ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း သတ္တမတန်း(B)မှ မောင်ရန်ပိုင်ဟိန်းအား မောင်ရဲထက်အောင် ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရဲထက်အောင်။

အမည်ပြောင်းခြင်း

အဘ ဦးတင်အုန်း၏သား အမှတ်(၃) အထကကျောင်းခွဲ အလက(၂) ဒဂုံမြို့သစ်တောင်ပိုင်း အဋ္ဌမတန်းမှ မောင်ဇင်မင်းထွန်းအား ယနေ့မှစ၍ မောင်ဇော်ထက်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇော်ထက်။**

ဖခင်အမည်မှန်

လမ်းမတော် အထက(၂)တက္ကသိုလ်ဝင်တန်း(က)မှ မနေခြည်ဝတ်မှုံအောင်၏ဖခင်အမည်မှန်မှာ ဦးရန်ကြီးအောင် (CA–၀၄၂၁၁၅)ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အလက–၃၊ ပဲခူး၊ အဋ္ဌမတန်းစီမှ မောင်ရန်ငြိမ်းအောင်၏ အဘအမည်မှန်မှာ ဦးစံညွန့်ဖြစ်ပါသည်။

အမည်ပြောင်းခြင်း

ဦးစိန်မောင်၏သားများဖြစ်ကြသော ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ပဥ္စမတန်း(ဆ)မှ မောင်ထက်အောင်ဇော်အား မောင်အောင်ခိုင်ဇော်ဟုလည်းကောင်း၊ တတိယတန်း(က)မှ မောင်ပြည့်မှူးအား မောင်ပြည့်မှူးဇော်ဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်းခြင်း

အထက(၂)၊ စမ်းချောင်း၊ တတိယတန်း(D)မှ ဦးခင်လှိုင်၏သမီး မသင်းစုလှိုင်အား မသိမ့်နေခြည်လှိုင်ဟု ခေါ်ပါရန်။ **မသိမ့်နေခြည်လှိုင်။**

ကားအမြန်ရောင်းမည်

Hilux 81 န/---ငါးချိတ် နက်
SE မီးဒွဲ ၈၃ န/---နက်
၀၉–၅၀၀၄၁၈၅, ၅၁၄၇၂၂။

ညှိနှိုင်းဈေးနှင့်အမြန်ရောင်းမည်

လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်းကျယ်၊ မြေညီ၊ ၁၈' x ၅၀' တိုက်သစ် အရှေ့လှည့်၊ ရေ၊ မီး၊ ဖုန်း၊ ကိုယ်ပိုင်။

ဖုန်း–၇၀၄၂၅၈။

MOTHER LAND

CONSTRUCTION & HOME DECORATION

Mother Land Home Decoration မှ Plaster Cornices နှင့် Gypsum Board

Plaster Cornice

Ph: 01-245029, 01-248912, Fax: 95-1-204058

မြေညီထပ်ရောင်းရန်

လှိုင်မြို့နယ်၊ သဇင်လမ်း၊ 32'x45' [2MBR+1BR] ရေ၊ မီး ကိုယ်ပိုင်ပြင်ဆင်ပြီး။

ဆက်သွယ်ရန်-10AM:5PMအတွင်း

Ph: 09 5008381

(Dyna, Canter & Lite Ace)

Ph - 01-524557, 01-535028

MAHARAJA *Indian Specialty Restaurant*

HALLAL

MAHARAJA

ATT

720126, 256542, 256543 Fax: 256889

No.1

ဝမ်လီ

ဆံပင်အတိုရောင်းဝယ်ရေးမှ ဆံပင်အတိုများ ပြန်လည်ဝယ်ယူနေပါပြီ။ ရောင်းလိုသူများ အမြန်ဆက်သွယ်ပါ။

တိုက်(၅)၊ အခန်း(၃)၊ န၀ဒေးတိုက်တန်း၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း- 685399 Ext 249
685412 Ext 249
685411 Ext 249

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကင်ဗုက် (၇၈)နှစ် မော်လမြိုင်

M.C.A အသင်း နာယကကြီး ဦးစိန်ဟော် (သီဟ-ကွမ်းသီးပွဲရုံ)၏ဇနီး ဒေါ်ကင်ဗုက်သည် ၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

M.C.A မြန်မာနိုင်ငံသား
တရုတ်အမျိုးသားများအသင်း။

REAL JOY

HIACE, TOWNACE, MINI BUS,

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

(၁) 80 KVA အသစ်ကဲ့သို့ကောင်း၊ လက်ရှိသုံးဆဲ

(၂) ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်းတိုက်ခန်း၊ ၁၂၅x၆၀ပေ၊ 2F ထပ်ခိုး၊ ဖုန်းပါ၊ ကြမ်းလျှာထိုးခင်းပြီး။

ဖုန်း-၀၉-၅၀၀၀၆၉၇၊ ၂၄၅၁၄၄၊ ၃၇၁၇၇၁။

(၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးမြဆိုင် (၁၅-၆-၉၉) (အင်းစိန်)

ချစ်လှစွာသောကျေးဇူးရှင်ဖေဖေ မိသားစုကို ခွဲခွာသွားသည့်နေ့မှ စ၍ တစ်နေ့မှမေ့မရခဲ့ပါ၊ ဖေဖေအတွက်ရည်စူးပြီး လစဉ်၊ နှစ်စဉ် ပြုလုပ်ပေးသော ကုသိုလ်ကောင်းမှုတို့ကို ဖေဖေအား အမျှပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘ၀မှ သာဓုခေါ်ဆိုလိုက်ပါဖေဖေ---။

ချစ်ဇနီး-ဒေါ်မြင့်မြင့်ဝေ
သား-ကိုအောင်လွင်ဦး-မတင့်တင်ခိုင်
သမီး-မဥမ္မာလွင်၊ မအေးသီတာလွင်
တူသား-မောင်ဝေဖြိုးဟန်
ချစ်မြေး-ကြည်ဖြူခိုင်။

အများသိစေရန်

ကျွန်တော် ဦးမြသောင်း(K/RGN 037372)နှင့် ဇနီးဖြစ်သူ ဒေါ်ခင်ခင်ဌေး(C/RGN 009358)တို့သည် စိတ်သဘောထားခြင်း မတိုက်ဆိုင်တော့ပါ၍ (၂၆-၄-၂၀၀၄) နေ့မှစ၍ ပေါင်းသင်းနေထိုင်ခြင်း မရှိတော့ပါသဖြင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

ဦးမြသောင်း။

E.S.I

Education & Language Academy

.Basic Level (4 Skills)
.Pre-intermediate Level (4 Skills)
.Intermediate Level (4 Skills)
.Grammer Special Course
.Academic Reading/Writing

သင်တန်းတည်နေရာ-

အမှတ်(၂၀)၊ ပထပ်၊ အင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊
(သီရိမင်္ဂလာဈေးရှေ့)

လစဉ်တန်းခွဲသစ်များရှိသည်။ပြည်တွင်း၊ ပြည်ပမှ English စာတွဲ့ရ ဆရာ၊ ဆရာမများကိုယ်တိုင်သင်ကြားမည်။

လွမ်းဆွတ်သတိရခြင်း

ဦးယာရှင်(ခ)ဦးခင်မောင် (၂၈-၁၀-၂၀၀၂)
ဒေါ်အဘီယာ(ခ)နော်တင်ရွှေ (၂၂-၃-၂၀၀၄)ဘားအံမြို့

မိသားစုအပေါ်သံယောဇဉ်ကြီးမားပြီး အစစလမ်းညွှန်ဦးဆောင်ခဲ့တဲ့ ကျေးဇူးရှင် ပါပါ-မေမေအားရည်စူး၍ နေ့စဉ်ဖတ်ရွတ်လှူဒါန်းပြီး ကုသိုလ်ကောင်းမှုများပြုလုပ်လျက်ရှိပါတယ်။ အလ္လာဟ်ဘုရှင်မြတ်၏ ကရုဏာတော်နဲ့ ဂျန္နဒ်ရဲ့ မြင့်မြတ်ဆုံးသောအေးချမ်းမှုကိုရရှိနိုင်ပါစေဆုမွန်ဒိုအာပို့သလျက်ရှိပါသည်။

သားသမီးများ-
ကိုစိုးစိုး- မတင်တင်အေး(ဒေါ်န လယ်ယာသုံးစက်ပစ္စည်းရောင်းဝယ်ရေး)
(သီရိမွန်အိမ်ရာ၊ ဘုရင့်နောင်၊ ရန်ကုန်)
နော်ကမေ-မိသားစုနှင့်သားသမီးမြေးများ။
အမှတ်(၄၄၃)၊ သမာဓိလမ်း၊ ဈေးအနီး၊ အမှတ်(၂)ရပ်ကွက်၊ ဘားအံမြို့။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးမြအုန်း
အသက်(၇၈)နှစ်

ဌာနမှူး၊ (ငြိမ်း)၊ ဆေးဝါးအိမ်သုံး ကြီးကြပ်ရေးမှူး၊ ဇီဝိတဒါနဆေးရုံ

(ဦးဘဂျမ်း-ဒေါ်မမလေး) တို့၏သား၊ ပြင်ဦးလွင်မြို့နေ ဒေါ်ခင်မေထူး၊ (ဦးမောင်မောင်အောင်)၊ ဦးစိုးလင်း၊ ဦးတင်မောင်လင်း၊ ဦးအောင်နိုင်လင်း တို့၏အစ်ကိုကြီး၊ ဦးပြုံး-ဒေါ်မြ (စဥ္စ့ကိုင်)တို့၏မောင်၊ တိုက်-၁၁၊ အခန်း-၁၀၅၊ အေးရိပ်မွန်-၄လမ်း၊ လှိုင်မြို့နယ်နေ (ဒေါ်တင်လှ)၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်အုန်း (အထက-၃၊ ကမာရွတ်)၊ ဒေါ်ခင်ခင်အုန်း(အထက-၅၊ မင်္ဂလာဒုံ)-ဦးဝင်းမြင့် (ကုန်သွယ်/လယ်ယာ)၊ ဦးသိန်းထွန်းအောင် (Super Coffee Mix)-ဒေါ်နွယ်နီကြည် (တိုင်းရင်းဆေးဦးစီး)၊ ဦးဝင်းနိုင် (Craster Co)-ဒေါ်နုနုရီ (အမက-၂၃၊တည်းကုန်း)၊ဒေါ်မော်မော်-ဦးမောင်မောင်ကျော်တို့၏ဖခင်၊ မဇင်ညီမ်းထက်၊ မောင်အောင်သူထက်၊ မမေသက်ဇော် တို့၏ချစ်လှစွာသော အဘိုးသည် ၁၂-၅-၂၀၀၄ရက် နံနက် ၁နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၆-၅-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်။

အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စန်း (တိုက်ကြီးမြို့)
အသက်(၆၄)နှစ်

မကွေးတိုင်း၊ ရေနံချောင်းမြို့ ဦးတင်ဝမ်း (လဝကမှူး)-ဒေါ်မြသန်း ဦးတင်ဂျမ်းတို့၏ညီမ၊ ဗထူးမြို့ ဦးတင်ရှမ်း (အရာခံဗိုလ်)-ဒေါ်ရင်အေး၊ မကွေးမြို့ ဦးထွန်းလှ-ဒေါ်ခင်သန်းတို့၏အစ်မ၊ (မခင်ဝင်း)၊ ဒေါ်ချယ်ရီထွန်း (လ/ထ ကထိက၊ မန္တလေးပညာရေးကောလိပ်)၊ ဒေါ်သင်းသင်းဆွေ (Shine Hope Co.,Ltd.)၊ (ဗိုလ်ကြီးဇော်မင်းညွှန့်)၊ မောင်မျိုးညွှန့်အောင်တို့၏မွေးသမိခင်၊ တိုက်ကြီးမြို့၊ ရှမ်းစုရပ်ကွက်၊ လယ်တီ(၂) လမ်းနေ ဦးထွန်းညွှန့်၏ဇနီးသည် ၈-၅-၂၀၀၄တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၅-၂၀၀၄ (တနင်္လာနေ့)တွင် တိုက်ကြီးမြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးဖုန်းမို
အသက်(၅၈)နှစ်

(လက်ထောက်အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ဝေါမြို့နယ်)

ဧရာဝတီတိုင်း၊ ဟင်္သာတမြို့၊ သုံးပင်ကွင်းရပ် ဦးသောင်း-(ဒေါ်အုံးခင်)တို့၏သား၊ ရန်ကုန်တိုင်း၊ ခရမ်းမြို့၊ (၇)ရပ်ကွက်၊ ဦးမောင်ကြီး-ဒေါ်နုနုတို့၏သားသမက်၊ ပဲခူးမြို့၊ ရှင်စောပုလမ်း၊ ဆောက်လုပ်ရေးအိမ်ရာနေ ဒေါ်ခင်လေးမြင့်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ဝင်းထွန်းနိုင်၊ မအေးလေး၊ မဖြူလေးတို့၏ဖခင်သည် ၁၀-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ဖားကန်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဝါရမ်းစွဲကပ်သူမြို့ရှင်သို့ပေးရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၅၈)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ နယ်တရားမရုံးတော်၌
၂၀၀၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၂၃
၂၀၀၂ခုနှစ် ဇာရီမှုအမှတ်-၆၉

ဒေါ်သန်းသန်းအေး **နှင့်** ၁။ ဦးထွန်းရင်
၂။ ဦးသိန်းမောင်
၁၅၆၊ သစ္စာလမ်း၊ ကံဘဲ့ရပ်ကွက်၊ ရန်ကင်းမြို့နယ် ရန်ကုန်မြို့နေ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။
၃။ ဦးတင်ဦး
၆၇၈၊သစ္စာလမ်း၊(၆)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

လျှောက်သူ **လျှောက်ထားခံရသူများ**

ရုံးက ၁၉၉၉ခုနှစ် တရားမမှုအမှတ်-၁၄၉တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် သင်ကလျှောက်ထားချက်အရ တရားရုံး ဦးသိန်းမောင်နှင့် ဦးတင်ဦးတို့အပေါ်တွင် စွဲကပ်ထားသည့် ဝါရမ်းကိုနုတ်သိမ်း ပယ်ခွာပါမည့် အကြောင်းနှင့် ဤအကြောင်းကြားစာနှင့် တွဲပါသည့် လျှောက်လွှာလက်ခံနှင့် ကျမ်းသစ္စာစာအတိုင်း လျှောက်ထားသူ ဒေါ်သန်းသန်းအေးက ဤရုံးတွင် လျှောက်ထားရှိသည်ဖြစ်၍ ဝါရမ်းစွဲကပ်သူ မြို့ရှင်အနေနှင့် သင်က ဝါရမ်းစွဲကပ်ပိုင်ကြောင်းကို လျှောက်လဲချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ လျှောက်လဲချေဆိုနိုင်သူ ရုံးတော်ကအမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ ၂၀၀၄ခုနှစ် မေလ ၂၅ရက်(၁၃၆၆ခုနှစ် နယုန်လဆန်း ၇ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၀၄ခုနှစ် ဧပြီလ ၂၈ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မောင်(တ/၁၅၃၀)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ဝမ်းနည်းကြေကွဲခြင်း

ဦးဖုန်းမို(လက်ထောက်အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဝေါမြို့နယ်)သည် ပဲခူးမြို့နေအိမ်၌ ၁၀-၅-၂၀၀၄နေ့တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမှုဖြစ်ရပါကြောင်း။

အင်ဂျင်နီယာမှူးကြီး၊ အင်ဂျင်နီယာမှူးနှင့်
ဆောက်လုပ်ရေးဝန်ထမ်းများ၊ ပဲခူး။

ရဟန်းဒါယကာကြီး
ဦးချစ်ဆွေ
အသက်(၈၈)နှစ်

ပန်းတောင်းမြို့နယ်၊ ရာသက်ပန်အသင်းဝင်အမှတ်(၁၀၈)
(ယခင်ပေါ်လွင်ကြော်ငြာဌာနကိုယ်စားလှယ်)

ရန်ကုန်တိုင်း၊ မြောက်ဒဂုံမြို့နယ်၊ (၃၂)ရပ်ကွက်၊ ပြည်သာယာ(၃)လမ်း၊ အမှတ်၇၆၆နေ (ဦးအောင်ဘ-ဒေါ်သောင်)တို့၏သား၊ (ဒေါ်ယဉ်ကြည်)၏ခင်ပွန်း၊ ဦးသိန်းဇော်-ဒေါ်စိန်စိန်ဌေး၊ ဦးသန်းဇော်(ခ)နိုင်နိုင်(မိတ်ကပ်၊ ဆံပင်)-ဒေါ်ခင်တုတ်တို့၏ဖခင်၊ မောင်ဇော်ဝင်းထွဋ်၊ မောင်ဖြိုးဝေလင်း၊ မတင်နီနီထွန်းတို့၏အဘိုးသည် ၁၁-၅-၂၀၀၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကိုအေးချမ်းခိုင်
အသက်(၃၃)နှစ်

(စစ်တွေ)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မင်းရဲကျော်ထင်လမ်း၊ ၁၄/၆-၅၂၃နေ (ဦးဘသိန်း)-ဒေါ်မြတင်ဦး(ခ)ဒေါ်ဝိုင်းတို့၏သား၊ ကိုရဲဝင်းခိုင်-မလှလှအေးတို့၏ညီ၊ ကိုငြိမ်းချမ်းခိုင်၊ မအေးအေးခိုင်၊ မောင်ညီထွေးခိုင်တို့၏အစ်ကို၊ မဇင်မိမိဦး၊ မဖူးသရဖီဦးတို့၏ဦးလေးသည် ၉-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့)ညနေ၆း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၅-၂၀၀၄ မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးမြကို
အသက်(၄၈)နှစ်

(သာကေတ)

ရန်ကုန်မြို့၊ ခရမ်းမြို့နေ (ဦးတော်ငါး-ဒေါ်တော်)တို့၏သား၊ မြောက်ဒဂုံမြို့နေ (ဦးစံတင်)-ဒေါ်စိန်ကြည်တို့၏သမက်၊ ရန်ကုန်တိုင်း၊ လသာမြို့နယ်၊ (၁၇)လမ်းနေ ဦးသန်းမြင့်-ဒေါ်အုံးတင်၊ (ဦးမြင့်သိန်း)-ဒေါ်ကျင်မြ၊ ဦးအောင်ခင်-ဒေါ်သန်းသန်းရီ၊ ဦးစန်းလွင်-ဒေါ်ချိုမာလေးတို့၏မောင်၊ ဗိုလ်မှူးအောင်မြင့်သူ-ဒေါ်လွင်လွင်ချို တို့၏အစ်ကို၊ အမှတ်-၅၃၈၊ မြင်တော်သာလမ်း၊ (၄)တောင်ရပ်ကွက်၊ သာကေတမြို့နယ်နေ ဒေါ်စံစံမာ၏ခင်ပွန်း၊ မောင်ထက်ကိုကို၊ မောင်ဇင်ကိုကိုတို့၏မွေးသဖခင်သည် ၁၃-၅-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်ပါ၍ ၁၅-၅-၂၀၀၄ (စနေနေ့)မွန်းလွဲ (၁)နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀တွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးချစ်သန့်ဇင်
အသက်(၄၅)နှစ်

(လ/ထ၊ အင်/ယာ-၂၊ မြို့ပြ)
သံလွင်တံတားစီမံကိန်း(မုတ္တမဘက်လမ်း)

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၉)ရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၄၃၈)နေ ဦးထွန်းကြိုင်၊ ဒေါ်ကျင်တို့၏ဒုတိယသား၊ သာကေတမြို့နေ ဦးမောင်မောင်ထွန်း-ဒေါ်စန်းမြင့်တို့၏သားသမက်၊ ဦးစိုးသန်း(လ/ထ အင်/ယာ-၂)-ဒေါ်နုနုအေး၊ ဦးရဲနီ (အမက-၁၀၊ ကြည့်မြင်တိုင်)-ဒေါ်မြင့်မြင့်ပြုံး၊ ဦးမျိုးအောင်(လ/ထ၊ အင်/ယာ-၂)-ဒေါ်ခင်မိုးလှိုင်တို့၏ညီ/အစ်ကို၊ ဒေါ်ခင်မိုးမိုးထွန်း၏ခင်ပွန်း၊ မောင်အောင်အောင်၊ ချစ်စနိုးတို့၏ဖခင်သည် ၁၃-၅-၂၀၀၄ရက်နေ့တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေး၊ ရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးနေဝင်း(ခ)ဦးဖိုးထောင်
(အရှည်ကြီး)၊ ၄၉ နှစ်

(ကြည့်မြင်တိုင်)

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၃၂၃)၊ ကမ်းနားလမ်းနှင့် ဌာနာလမ်းထိပ်နေ (ဦးစိုးနိုင်-ဒေါ်မြကြည်)တို့၏သားထွေး၊ ဦးစိုးဝင်း-ဒေါ်တင်လှ(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)နှင့် (ဦးအုံကြီး)၊ ဦးအောင်မြင့်-ဒေါ်ခင်မြင့်ကြီး၊ ဦးထွန်းမြင့်-ဒေါ်သောင်းကြည်တို့၏ညီ/မောင်၊ မောင်ပြည်စိုး-မတင်မာသန်း၊ မောင်ကောင်းကြွယ်-မောင်လှိုင်ဘွား၊ မောင်သိန်းဟန်-မချောစု၊ မောင်မင်းမင်းထွန်း-မမျိုးမျိုးအေး၊ မအိအိချော၊ မောင်ကျော်ကျော်ထွန်း၊ မလှိုင်လှိုင်ထွန်းတို့၏ဦးလေး၊ မနိုနိုစုဟန်၊ မောင်ကောင်းထက်၊ မောင်မင်းသန့်တို့၏ဘိုးလေးသည် ၃-၅-၂၀၀၄ရက်တွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၅-၅-၂၀၀၄နေ့တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်တင်တင်ညွန့်
အသက်(၈၃)နှစ်
(ပဲခူး)

ပဲခူးမြို့နေ (ဦးဖိုးဝေ-ဒေါ်သက်သက်)တို့၏သမီး၊ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ ခြံအမှတ်(၃၃)နေ ဇေယျကျော်ထင်ဦးမျိုးမြင့် (အငြိမ်းစား၊ ဒုတိယဝန်ကြီး၊ သံအမတ်ကြီး)၏ဇနီး၊ (ဗိုလ်မှူးထွန်းအောင်ကျော်)-ဒေါ်သဇင်မြင့်၊ဗိုလ်မှူးချုပ်မြင့်စိုး-ဒေါ်မာလာမြင့်၊ ဦးဘုန်းမောင်မြင့်-ဒေါက်တာတင်ဇာလွင်၊ ဦးလှချစ်-ဒေါ်သီဂီမြင့်၊ဦးဘုန်းနိုင်မြင့်-ဒေါ်အေးအေးမွန်၊ ဒုတိယဗိုလ်မှူးကြီးအောင်မျိုးမြင့်-ဒေါ်မာလာဝင်း၊ ဦးကျော်မိုးမြင့်-ဒေါ်ခင်အေးသိုက်၊ ဦးသီဟမျိုးမြင့်-ဒေါ်ရည်မွန်အောင်တို့၏မိခင်ကြီး၊ မခင်ပြည့်စုံ၊ မောင်ဗညားစိုး၊ မလင်းမာ၊ မောင်ပြည့်ဖြိုးအောင်၊မသီရိ၊ မောင်ဖြိုးဝေစိုး၊ မောင်မျိုးဝေစိုး၊ မအေးအေးသီတာအောင်၊ မောင်အောင်စစ်မိုး၊ မေမွန်ဘုန်းနိုင်၊ မရည်သွယ်အောင်၊ မောင်ကောင်းဆက်မိုးမြင့်၊ မောင်ကျော်သူရ၊ မမေဇွန်ဘုန်းနိုင်၊ မခိုင်ချိုတို့၏ ဘွားဘွားကြီး သည် ၁၄-၅-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၀၄ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးကြွေ
အသက်(၇၁)နှစ်
(ကြည့်မြင်တိုင်)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကွမ်းရွံတန်းလမ်း၊ အမှတ်(၇၂)နေ (ဦးအေးကြည်-ဒေါ်တင်တင်)တို့၏သမီးကြီး၊ စစ်ကွင်းမြို့နေ (ဦးကျော်စိန်-ဒေါ်တင်)တို့၏ သမီးချွေးမ၊ ဒုရဲမှူးကြီးရဲသူရကျော်မြင့်(ငြိမ်း)-ဒေါ်နွဲ့နွဲ့အေး၊ ဦးအေးကို(ဒု-ညွှန်မှူး၊ မိုး/ဇလ၊ ငြိမ်း)-ဒေါ်မေစန်းမြင့်(စီမံကိန်း၊ ငြိမ်း)တို့၏ အစ်မကြီး၊ (ဦးကျော့ရှင်း-လ/ထညွှန်မှူး၊ ငြိမ်း၊ အကောက်ခွန်ဦးစီးဌာန)၏ဇနီး၊ ဦးထင်အောင်ကျော်-ဒေါ်ဇင်မကျော့ရှင်း၊ ဦးကျော်လင်း(ဒု-အကောက်ခွန်မှူး၊ နစရ၊ မြဝတီ)-ဒေါ်စပယ်ကျော့ရှင်းတို့၏ မိခင်၊ မမေဇွန်ကျော့ရှင်း(1st Year, Korean,YUFL)၊မောင်ရှင်းသန့်ကျော်လင်းတို့၏ ဘွားဘွားကြီးသည် ၁၃-၅-၂၀၀၄ရက် နံနက် ၇း၂၀နာရီတွင် အာရှတော်ဝင်းအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၀၄(စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ဥမ္မာလွင် (၅၄)နှစ်
(B.Ed)

ဒေါ်ဥမ္မာလွင်(B.Ed)သည် ၁၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်း-ဒေါ်ရီရီတင်နှင့် တပည့်များ။
(အသုံးလုံးစာတတ်မြောက်ရေးလုပ်အားပေးအဖွဲ့)။
(၁၉၈၀ပြည့်နှစ်၊ ဧပြီလ၊ ကောလင်းမြို့နယ်)။
[ယခင် အမှတ်(၃) ဒေသကောလိပ်ကြည့်မြင်တိုင်နယ်မြေ]။

ဝမ်းနည်းကြေကွဲခြင်း
စိုင်းကျော်ဝင်း (၂၇)နှစ်

လားရှိုးမြို့၊ ဟိုပိတ်ကျေးရွာနေ (ဦးစိုင်းအေစင်)-ဒေါ်နန်းမိုင်ငင်းတို့၏ သား၊ နန်းခမ်းလောဝ်၊ နန်းခင်လေးတို့၏ မောင်၊ စိုင်းအိုက်စိုင်း၏ ညီဖြစ်သူ စိုင်းကျော်ဝင်းသည် ၁၄-၅-၂၀၀၄ (သောကြာနေ့) နံနက် ၅း၃၀နာရီတွင် ရန်ကုန် ဦးနှောက်နှင့်အာရုံကြော အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

ပီပိုးဆိုင်နှင့် ရန်ကုန်ရှမ်းစာ/ယဉ်မှ ချစ်သူငယ်ချင်းများ။

ဒေါ်စမ်းစမ်းမြင့်(အန်တီစမ်း)
အသက်(၅၆)နှစ်
ဟံသာမြင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၄၄)၊ တတိယလွှာ၊ ခေါင်းရင်းခန်း၊ ကျားကွက်သစ်ရပ်ကွက်နေ (ဦးလှထွန်း-ဒေါ်အေးတင်)တို့၏ သမီး၊ (ဦးထူး-ဒေါ်ညွန့်)တို့၏ သမီးချွေးမ၊ ဦးခင်ကြိုင်၏ ဇနီး၊ (ဦးမြင့်ထွန်း-ဒေါ်သက်ယုဝင်း)၊ ဦးမြင့်သန်း-ဒေါ်ကြည်ကြည်စိန်တို့၏ ညီမ၊ ဦးမြင့်ဆန်း-ဒေါ်အေးဝင်းတို့၏အစ်မ၊ ဦးဝင်းဆွေ-ဒေါ်မာလာအေး(အလိမ္မာ)၊ ဦးသက်မျိုးဇော်-ဒေါ်စောသဇင်ဦးတို့၏မိခင်၊ ဦးသက်ထွန်း - ဒေါ်သန်းသန်းအေး၊ ဦးကျော်ဦး-ဒေါ်ဖြူဖြူအေး၊ မစုသက်လှိုင်၊မောင်ရွှေစည်ဟံ၊ မအိခိုင်မွန်၊ မရည်ရည်မွန်တို့၏ အဒေါ်၊ ဗိုလ်လောင်းဖြူသက်မောင်၊ မောင်ဖြူသက်နောင်၊ မောင်ကျော်မြင့်ထွန်း၊ မမေခက်မွန်၊ မောင်သက်ဟန်သာဦးတို့၏ အဘွားသည် ၁၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မြစ်ကြီးနားအသင်း
ဒေါ်ခင်သိန်း (၈၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၄၃)၊ (၈၈)လမ်း၊ ကန်တော်ကလေးနေ မြစ်ကြီးနားအသင်းဝင် ဒေါ်ခင်သိန်းသည် ၁၃-၅-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၁၅-၅-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့။

ဒေါ်လှရီ (၆၈)နှစ်
(ချစ်စရာဟိုတယ်)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၆၄)နေ ဦးလုံးတင်၏ဇနီး၊ ဦးခင်မောင်လွင်-ဒေါ်သွယ်သွယ်၊ ကိုမောင်မောင်လွင်-မတင်စန်း၊ ကိုမျိုးနိုင်-မအေးအေးလွင်၊ ကိုညီညီလွင်-မမွှေးမွှေး၊ မချိုချိုလွင်၊ ကိုကျော်ဆန်းလွင်-မဥမ္မာဝင်း၊ ကိုထွန်းထွန်းလွင်တို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်လှရီသည် သဃ်န်းကျွန်းနေအိမ်၌ ၁၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁၈-၅-၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

မန္တလေးကုမ္ပဏီရုံးခွဲတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိပါသည်။

(၁) စာရင်းကိုင် ကျား/မ (၁)ဦး (၂) ငွေကိုင် ကျား/မ (၁)ဦး
အမှတ်စဉ်(၁)အတွက် B.Com (သို့) B.Com (C.P.A) (သို့)B.Econ
အမှတ်စဉ်(၂)အတွက် ဘွဲ့ရ၊ L.C.C.I(III)အောင်မြင်ပြီးသူ (သို့) B.A(Eco)
လျှောက်ထားသူများသည်
- ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။
- မန္တလေးတွင်နေထိုင်သူများကို ဦးစားပေးခန့်ထားမည်။
- အသက်(၃၀)နှစ်ထက်မကြီးစေရ။

လျှောက်ထားလိုသူများသည် ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ နိုင်ငံသား စိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ ဓာတ်ပုံ(ပတ်စပို့အရွယ်) ၂ပုံတို့နှင့်အတူ အောက်ဖော်ပြပါလိပ်စာသို့ ကြော်ငြာပါသည့်နေ့မှ (၁)ပတ်အတွင်း မွန်းတည့် ၁၂း၀၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

မမင်းမင်းသူ
အမှတ်(၁)၊ ဝင်္ကဘာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၄၅၉၉၀၊ ၅၄၅၉၉၁။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်အုန်းခင်
အသက်(၈၆)နှစ်
(သံတွဲ)

ရန်ကုန်မြို့၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ အမှတ်(၆)၊ အောင်မာဃလမ်းနေ (ဦးမောင်တုတ်-ဒေါ်ခင်နု)တို့၏ သမီး၊ (ဦးသာမြင့်၊ သံတွဲ)၏ဇနီး၊ ဒေါ်ခင်အေး-ဦးဝင်းမြင့်(သံတွဲမြို့၊ ပညာ့တံခွန်စာအုပ်ဆိုင်)၊ ဒေါ်ခင်လေး(သ/မ ရုံးချုပ်)၊ ဦးသန်းသိန်း(စား/ဖျော်၊ ငြိမ်း)၊ ဒေါ်ခင်မူ (မကွေးခရိုင်တရားရုံး) - ဦးခင်မောင်ကြည်(တရားရုံးချုပ်ရှေ့နေ)၊ ဦးဘဟိန်း (စား/ဖျော်၊ ငြိမ်း)တို့၏ မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၁၂-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ဝိုင်း
အသက်(၈၂)နှစ်
(သိမ်ချောင်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အနန္တဂုဏ်ရည်လမ်း၊ အမှတ်(၅၈၉)နေ (ဦးဘစိန်-ဒေါ်ကျည်းတန်)တို့၏ သမီး၊ (ဦးတင်ရွှေ)၏ ဇနီး၊ ဦးသန်းလွင်-ဒေါ်ကျင်နွယ်၊ ဦးဝင်းရွှေ(ကျောင်းအုပ်ကြီး၊ အမက၊ တိုးကြောင်ကြီး၊ ဒဂုံမြောက်)-ဒေါ်ခင်စန်း၊ ဦးသိန်းမြင့်(ဥပဒေအကျိုးဆောင်)- ဒေါ်ခင်အေး (တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ အနောက်ပိုင်းတက္ကသိုလ်၊ ရန်ကုန်)၊ ဦးကျော်တင်[ရုံးအဖွဲ့မှူး၊ နိုင်ဂရု(ပ်) ဆောက်လုပ်ရေး ကုမ္ပဏီရုံးချုပ်]-ဒေါ်ဆယ်လီလှ(လ/ပြ၊ အလက-၂၊ ဗဟန်း)၊ ဦးစိုးမြင့်-ဒေါ်မြသန်း၊ (ဦးမျိုးမြင့်-ဒေါ်ချိုနွယ်ထွန်း)၊ ဦးလှိုင်မြင့် (Director Gracious Trading)-ဒေါ်စန်းစန်းမြင့်(အမက-၃၁၊ တာမွေ၊ ငြိမ်း)၊ ဦးသိန်းနိုင်(ဝါးခယ်ကုန်သည်)-ဒေါ်သန္တာတို့၏ချစ်လှစွာသောမွေးသမိခင်၊ မြေး ၂၁ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၁၃-၅-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၁၅-၅-၂၀၀၄ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးလှငွေ
အသက်(၇၉)နှစ်
ထားဝယ်၊ မင်းဒါတ်ရွာ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း အမှတ်(၂၀/က)နေ (ဦးကြီးနွယ်-ဒေါ်အုံးရင်)တို့၏ သား၊ ဒေါ်ကျင်စန်း၏ ခင်ပွန်း၊ ဒေါ်အေးလွန်း၏အစ်ကို၊ ကိုစိုးနိုင်-မလွင်လွင်မာတို့၏ဖခင်၊ ဦးမြင့်အောင်-ဒေါ်ခင်ငွေး၊ ဦးဉာဏ်ဝင်း(စက်မှုလယ်ယာ)၊ ဦးစိုးဝင်းမြင့်(အမှတ်-၉၊ သစ်စက်)-ဒေါ်ခင်စန်း၊ ဦးသောင်းရှိန် (အမှတ်-၁၊ သစ်စက်)-ဒေါ်ရှုယဉ် (ဆောက်လုပ်ရေး) တို့၏ ဦးလေး၊ မသော်တာဝင်းအောင်၊ မဖြူစင်သာတို့၏ အဘိုးသည် ၁၄-၅-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမြအောင်(ခ)
ဦးမြင့်အောင်(ခ)ဦးအောင်မြင့်
အသက်(၆၉)နှစ်
လ/ထ ကြီးကြပ်ရေးမှူး (အငြိမ်းစား)
အင်ဂျင်နီယာဌာန (ရေ/သန့်)
မြို့တော်စည်ပင်

ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်နေ (ဦးအောင်မြိုင်-ဒေါ်စိန်ပု)တို့၏ သား၊ (ဦးထွန်းရီ) - ဒေါ်နှင်းဆီတို့၏ ညီ၊ ဦးတင်အေး-ဒေါ်အေးမြင့်တို့၏ အစ်ကို၊ ဒေါ်အေးရီ၏ ခင်ပွန်း၊ ဦးဇော်ဇော်ဦး (ကမာရွတ်မြို့နယ်တာဝန်ခံ၊ အင်ဂျင်နီယာဌာန၊ ရေ/သန့်၊ မြို့တော်စည်ပင်၊ ကမာရွတ်မြို့နယ်) - ဒေါ်သက်မာလာသိန်း(မြို့တော်စည်ပင်ရေ/သန့်၊ ကမာရွတ်မြို့နယ်)၊ ဦးကျော်ကျော်အောင် (မြို့တော်စည်ပင်၊ ရေ/သန့်၊ ကမာရွတ်မြို့နယ်)၊ ဒေါ်ဝင်းစိန် (မြို့တော်စည်ပင်ရေ/သန့်၊ကမာရွတ်မြို့နယ်)တို့၏ မွေးသဖခင်၊ မဆုစန္ဒီဦး၊ မောင်ဆွေမြတ်မင်းခန့်တို့၏ အဘိုးသည် ၁၄-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ [အမှတ်(၇)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ စည်ပင်ရေစက်ဝင်း နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
S.O Habeeb Mohamed
(ခ)ဦးအောင်ညွန့်
အသက်(၈၇)နှစ်
ရွှေနှင်းဆီဆန်ခါဆိုင်

ရန်ကုန်မြို့၊ အမှတ်(၂၃၇)၊ ရွှေဘုံသာလမ်းနေ ဟာဂျီမဒေါ်ညွန့်ရီ(ဒေါ်ညွန့်ရီ ဆန်ခါဆိုင်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဟာဂျီမဒေါ်အေးအေးသန်း(B.Sc,Bot)-ဟာဂျီဦးကျော်စိန်၊ ဟာဂျီမဒေါက်တာအေးအေးသိန်း-ဟာဂျီဒေါက်တာအောင်မြင့်၊ ဟာဂျီမဒေါ်တင်တင်ညွန့်(M.Sc, FI, HGP,RL)-(ဦးတင်ရွှေ)၊ ဒေါ်တင်တင်အေး-ဦးအောင်လှနွယ်၊ [ဟာရွန်ရရှစ်(ခ)မောင်စိန်ညွန့်ဦး]တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုး S.Oဟာဗစ်မိုဟာမက်(ခ)ဦးအောင်ညွန့်သည် ၁၃-၅-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၄း၄၅နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အစွန်နမာဇ်အပြီးတွင် ရေဝေး စွန်နီကာဘာရ်စတန်၌ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း၊
ရေကန်ဒါယကာကြီး
အုန်းသီးဦးဝင်းမြိုင်
အသက်(၇၂)နှစ်
(ကြံခင်း)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၈၀)နေ (ဦးပိန်-ဒေါ်မယ်ရင်)တို့၏ သား၊ (ဒေါ်ကျင်ခ)၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ထားထားဦး(အထက-၁၊ လသာ)၊ ဦးသီဟ(ဝိဇ္ဇာနည်းကျ၊ မြန်မာ့ဖေဒင်)၊ ဒေါ်ခင်စုစု(အထက-၄၊ မင်္ဂလာတောင်ညွန့်)၊ မယုဇနခင်၊ ကိုဇေယျာဝင်း၊ မခင်သန္တာဝင်း (ဒု-နှစ်၊ ဂျာမန်၊ UFL)တို့၏ ချစ်လှစွာသော ဖခင်သည် ၁၃-၅-၂၀၀၄ (ကြာသပတေးနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပေါင်းတည်အသင်း(ရန်ကုန်မြို့)
ဦးလှနိုင်
အသက်(၇၁)နှစ်

ပေါင်းတည်မြို့၊ မင်းကွက်(၁) ရပ်ကွက်၊ (၁၃)လမ်းနေ (ဒေါ်ညိုညို)၏ ခင်ပွန်း၊ မောင်ဝင်းမြတ်(ကြယ်မင်းညိုညိုဆေးလိပ်ခုံ)၏ဖခင်၊ ရာသက်ပန်အသင်းဝင်(၄၂) ဦးလှနိုင်သည် ၁၃-၅-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၁၅-၅-၂၀၀၄ ရက် ညနေ ၃နာရီတွင် ပေါင်းတည်တောင်သုသာန်၌ သဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

ဦးညွန့်ခင်(ခ)ဦးနှုတ်ခမ်းမွှေး
အသက်(၅၉)နှစ်
(ဒဂုံမြို့သစ်တောင်ပိုင်း)

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၇၀)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၇၁၄)နေ (ဦးထွန်းဖေ-ဒေါ်သန်းကြည်)တို့၏ သား၊ (ဦးမောင်ဟန်-ဒေါ်ခင်မြ)တို့၏ သားသမက်၊ ဦးမြစိုး-(ဒေါ်ရွှေ)၊ ဦးလှစိုး-ဒေါ်ခလေးမ၊ ကိုပေါက်စ(ခ)ကိုဝင်းနိုင်-မဖြူတို့၏ အစ်ကို၊ ဒေါ်သန်းငွေး၏ ခင်ပွန်း၊ ကိုဝင်းအောင်ဦး-မမြနွယ်၊ ကိုအောင်နိုင်မိုး-မစောနန္ဒာ၊ ကိုဟန်လွင်အောင်-မမိုးစန္ဒာ၊ ကိုဖိုးထွေး-မရွှေနှင်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၀၄ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးမြတ်ကျော်ဦး
အသက်(၃၄)နှစ်
B.Sc., (Bot;) Q(O.T.S-91)
ယာယီခွဲမှူး(ဗိုလ်မှူး)

မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝနေ အရာခံဗိုလ်လှသိန်း-ဒေါ်ကျင်ကျင်မြင့်တို့၏ သားကြီး၊ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)-ဒေါ်အေးရီ၊ အရာခံဗိုလ်စိန်လှိုင်-ဒေါ်တင်တင်မြင့်တို့၏ တူသား၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ(၂)၊ တိုက်(၄)၊ အခန်း(၀၀၄)နေ ဦး မောင်ကို-ဒေါ်ညွန့်ရီတို့၏ သားသမက်၊ (ဒေါ်တင်တင်ထွေး)၏ချစ်လှစွာသော ခင်ပွန်းသည် ၇-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ တနင်္သာရီမြို့၌ကောင်းမွန်စွာ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သိမ်၊ရဟန်း၊ ရှင်တစ်ရာဒါယကာကြီး
ဦးဇောတိက(ဦးလွင်)
သိက္ခာတော်(၃)ဝါ၊
သက်တော်(၈၄)နှစ်

မန္တလေးမြို့၊ အမှတ်(၂၂၅)၊ (၈၂)လမ်း၊ (၂၄x၂၅)လမ်းကြား၊ ဘိုးရိန်းစက်မှုလက်မှုနေ (ဒေါ်ခင်ညွန့်)၏ ခင်ပွန်း၊ ဦးထွန်းလွင်၊ ဒေါ်စန္ဒာဒေဝီ၊ ဒေါ်ခင်နှင်းလွင်(ပါမောက္ခ၊ ဓာတုဗေဒဌာန၊ မုံရွာတက္ကသိုလ်)၊ ဒေါ်စီစီလွင်၊ ဦးခင်မောင်လွင် (ရွှေမိုးဟိန်းစက်မှု)-ဒေါ်ခင်မေတင်၊ ဒေါ်ခင်ဆွေလွင်(အထပြ၊ အထက-၂၅၊ မန္တလေး)၊ ဒေါ်မာလာလွင်၊ ဒေါက်တာမြင့်လွင်၊ ဒေါ်သန်းသန်းလွင်(လ/ထကထိက၊ ရူပဗေဒဌာန၊ ရတနာပုံတက္ကသိုလ်)တို့၏ ဖခင်ကြီး၊ စစ်ကိုင်းတောင်ရိုးသီတာမုခချောင်တွင် သီတင်းသုံးနေတော်မူသော ဦးဇောတိက (ဦးလွင်)သည် ၁၄-၅-၂၀၀၄ရက်တွင် ပျံလွန်တော်မူပါ၍ ၁၅-၅-၂၀၀၄ရက် နံနက် ၈နာရီတွင် ဝါးချက်သုသာန်သို့ ပင့်ဆောင်ဂူသွင်းသဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးကျော်စိန် (၉၁)နှစ်
ကုန်သွယ်/လယ်ယာ(ငြိမ်း)

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ(၂)လမ်းအနောက်၊ အမှတ်(၄)နေ (ဦးစံထူး-ဒေါ်သဲမေ)တို့၏သား၊ (ဦးထွန်းကြည်-ဒေါ်သွင်)၊ ဦးတင်ငွေ-ဒေါ်ရင်ကြည်၊(ဦးမြင့်ကြည်)-ဒေါ်ခင်ထွေးရီတို့၏ မွေးသဖခင်၊ (ဒေါ်ခင်အေး)၏ ချစ်လှစွာသောခင်ပွန်း၊ မြေး ၁၅ယောက်၊ မြစ် ၂၃ယောက်၊ တီနှစ်ယောက်တို့၏အဘိုးသည် ၁၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်တုတ်ပိုင် (၈၁)နှစ်
(ဖြူး)

ပဲခူးတိုင်း၊ ဖြူးမြို့၊ ပင်စင်လမ်းနေ (ဦးလှမောင်)၏ ဇနီး၊ ရန်ကုန်မြို့၊ ပုသိမ်ညွန့်(စံပြ)ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊အမှတ်(၉၈)နေ ဦးသန်းလွင်(ခ)ဦးလုံး-ဒေါ်ဝင်းတို့၏မိခင်၊ မောင်မင်းလွင်ဦး - မကလျာဝင်းထွဋ်၊ မောင်နေမင်းထက်၊ မဝင်းမင်းဖြိုးတို့၏ အဘွား၊ မဇွန်ပွင့်မင်းထွဋ်၏ ဘွားဘွားကြီးသည် ၁၄-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Pu. Thawng Kho Zam
(တပ်ကြပ်ကြီးစာရေး၊ ငြိမ်း)
Chairman
Tedim Baptist Church-Yangon
(အဖွဲ့ဝင်မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့)
Manager IDEMITSU မုံရွာမြို့။
(၁၉၉၀-၉၄)
Manager, U.M.W
(Yangon Branch 1995-2003)
သတင်းစာကိုယ်စားလှယ်၊တီးတိန်မြို့။
အသက်(၆၂)နှစ်

တီးတိန်မြို့နယ်၊ Laibung ရွာနေ (Pu. Khai Ngul-Pi. Ngoih Huai)တို့၏ စတုတ္ထမြောက်သား၊ (Capt. Mang Kho Lian)-Pi Ciin Kho Hauတို့၏ သားသမက်၊ Pu. Thuam Za Cin-(Pi. Hau Za Cing)၊ Pi Zen Suan Cing၊ (Nu. Ngul Kho Cing-Pu. Suan Za Go)၊ (Pi Dim Za Awi)-Pu. Ngen Za Do (Kalemyo) တို့၏ ညီ/မောင်၊ Pa. Ngulh Kho Suan-Nu Thang Cingတို့၏ အစ်ကို၊ Huai Ngo Lun (ခ) နိုးနိုး B.Sc., (Botany)၊ Nu Hau Khan Din (ခ) ခက်ခက် B.Sc., (Environmental Studies)-Pa Thang Cin Pau (A.G.T.I မုံရွာ)၊ Lia Lian Za Cing (ခ)ကြင်နီး B.Miss, B.A., (Public Policy), M.Div., I-(FBTS), Lia Ngul Cin Cing Mung (ခ)ကြေးမုံ (Third Year Law)တို့၏ မွေးသဖခင်၊ ရန်ကုန်မြို့၊ အမှတ်(၁၃/၁၂)၊ အေးရိပ်မွန်(၁)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေ Pi. Ngoih Khawm Cing၏ ချစ်လှစွာသော ခင်ပွန်း၊ Pu Thawng Kho Zamသည် ၁၃-၅-၂၀၀၄ရက်တွင် Sakura Medical Centre တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၅-၅-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် အမှတ်(၁၄၃)၊ မင်းရဲကျော်စွာလမ်း၊ ယုဒသန်အောက်မေ့ဖွယ်ခန်းမ၊ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းရုံးချုပ်၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သချိုင်းသို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဓမ္မသာရဓဇ
(မဟာသဒ္ဓမ္မဇောတိကဓဇ)
သိက္ခာတော်(၆၀)၊ သက်တော်(၈၀)

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ရွာ၊ မာလာရုံကျောင်းတိုက်၊ ဦးစီးပဓာနနာယက၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ(မဟာဒွါရ)ဆရာတော် ဘဒ္ဒန္တဓမ္မသာရဓဇသည် (၁၃၆၆ခုနှစ်၊ ကဆုန်လပြည့်ကျော်၅ရက်)၊ ၈-၅-၂၀၀၄ (စနေနေ့) နံနက် ၁၀း၄၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ရက်)၊ ၁၆-၅-၂၀၀၄ (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိဈာပနပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီနှင့် ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကုသလ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်
သိက္ခာတော်(၅၈)ဝါ၊ သက်တော်(၇၈)နှစ်

ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့၊ အမှတ်(၁)ရပ်ကွက်၊ တောကျောင်းတိုက်နှင့် စိန္တာမုနိဘုရားကြီးကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနမဟာနာယက၊ တောကျောင်းပဝါရဏာဂိုဏ်းကြီးတို့၏ ဂဏာဓိပတိ၊ လဒ္ဓိပေသလ၊ သိက္ခာကာမဝိနယဂရုက သံသာရဘီရုကပရိယတ္တိဆေက ဂဏဝိရောစနကမ္မဋ္ဌာနာစရိယနယ်လှည့် သာသနာပြု ဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း၅ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား ၁၃၆၆ခုနှစ်၊ နယုန်လဆန်း ၁ရက် ၁၉-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် စိန္တာမုနိဘုရားကြီးကျောင်းတိုက်တွင်း၌ အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တောကျောင်းတိုက်နှင့် စိန္တာမုနိဘုရားကြီးကျောင်းတိုက်
တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများနှင့် ဈာပနကော်မတီ။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
အားရှယ်(ခ)ဒေါ်ငွေငွေလွင်
အသက်(၄၇)နှစ်
အလပြဆရာမ (ငြိမ်း)၊ လှိုင်လင်

လှိုင်လင်မြို့၊ (တ/၃၅)၊ အနောက်ကျောင်းလမ်းနေ (ဦးကွယ်ချမ်း)-ဒေါ်နန်းဥတို့၏သမီး၊ ဦးတင်မြင့်၊ ဦးမောင်မောင်ထွန်း(လှိုင်လင်)တို့၏ ညီမ၊ စိုင်းခွန်ထွန်း-မမြင့်မြင့်လွင်(လှိုင်လင်)၊ မရီရီလွင်(လှိုင်လင်)၊ ဦးစိုင်းလင်း-မစန်းစန်းလွင်(ကွန်ဟိန်း)၊ မောင်ထွန်းအောင်(လှိုင်လင်)တို့၏ အစ်မ၊ ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်းရပ်၊ (၁၀)မိုင်၊ ရန်ကြီးအောင်လမ်း၊ ခြံအမှတ်(၉/၁၁၉)၊ အင်းစိန်မြို့နယ်နေ ဦးမြင့်အေး(အကောက်ခွန်မှူး၊ ငြိမ်း)၏ ဇနီး အားရှယ်(ခ) ဒေါ်ငွေငွေလွင်(အလပြ၊ ငြိမ်း၊ လှိုင်လင်)သည် ၉၆ပါးသောရောဂါဖြင့် ၁၂-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ည ၇း၀၅နာရီတွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၁၃-၅-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဖရီဒါဘီဘီ(ခ)မဆွေဆွေဝင်း
အသက်(၄၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၃)လမ်း၊ အမှတ်(၁၂၇)နေ ဟာဂျီအလင်းမ်(ခ)ဇော်ဇော်၏ဇနီး၊ မခင်သီတာဇော်(အထက-၃၊ မင်္ဂလာတောင်ညွန့်)၏မိခင်သည် ၁၂-၅-၂၀၀၄ရက်တွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ညနေ အစွန်နမာဇ်အပြီး ရေဝေးဆွန်နီ ကာဘာန်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးမြင့်စိန် (၆၆)နှစ်
လ/ထညွှန်ကြားရေးမှူး(ငြိမ်း)
သာသနာရေးဦးစီးဌာန

ရန်ကုန်မြို့နေ (ဦးဘသန်း-ဒေါ်စောရီ)တို့၏သား၊ (ဦးစံတူ-ဒေါ်ငွေပုံ)တို့၏ သားသမက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ အမှတ်(၃၅)ရပ်ကွက်၊ နတ်သျှင်နောင်လမ်း၊ အမှတ်(၃၀၃)နေ ဒေါ်တင်တင်လှ(ခ)ဒေါ်နီ၏ချစ်လှစွာသော ခင်ပွန်း၊ ကိုလှမိုး-မသန်းသန်းတင့်၊ ကိုခင်လတ်(သ-သ-န)-မသီတာမိုး၊ ကိုဇော်ဇော်အောင်(T.T.A.S Co., Ltd.)-မခင်သန္တာမိုးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး လေးယောက်တို့၏ အဘိုးသည် ၁၄-၅-၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၆-၅-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးဗိုမြင့်
အသက်(၆၅)နှစ်
အရာခံဗိုလ်(ငြိမ်း)၊ တပ်မတော်(ရေ)

ညောင်ဦးမြို့နေ (ဦးညိုခင်-ဒေါ်မြ)တို့၏သား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မြောင်းကြီးလမ်း၊ အမှတ်(၁၈၊ A-2)နေ ဒေါ်ခင်စန်းရီ၏ခင်ပွန်း၊ဗိုလ်ကြီးဇော်မင်းဦး-ဒေါ်နီလာမြင့်၊ ကိုကျော်သူမြင့်၊ ဦးအောင်ကျော်ဆန်း-ဒေါ်လှအေးမြင့်၊ ဗိုလ်ကြီးအောင်မြင့် - ဒေါ်လှထွေးမြင့်တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၁-၅-၂၀၀၄ရက်တွင် အကယ်ဒမီဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၅-၅-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
S.O Habeeb Mohamed
(ခ)ဦးအောင်ညွန့်(၈၇)နှစ်
ရွှေနှင်းဆီဆန်ခါဆိုင်

ရန်ကုန်မြို့၊ အမှတ်(၂၃၇)၊ ရွှေဘုံသာလမ်းနေ၊ ဟာဂျီမဒေါ်ညွန့်ရီ(ဒေါ်ညွန့်ရီ ဆန်ခါဆိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဟာဂျီဦးကျော်စိန်-ဟာဂျီမဒေါ်အေးအေးသန်း၊ ဟာဂျီဒေါက်တာအောင်မြင့်-ဟာဂျီမဒေါက်တာအေးအေးသိန်း၊(ဦးတင်ရွှေ)-ဟာဂျီမဒေါ်တင်တင်ညွန့်၊ဦးအောင်လှနွယ်-ဒေါ်တင်တင်အေးတို့၏ ချစ်လှစွာသောဖခင်၊ မြေး၁၃ ယောက်တို့၏ အဘိုးသည် ၁၃-၅-၂၀၀၄ရက်တွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ အစွန်နမာဇ် အပြီးတွင် ရေဝေးကာဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းဆင့်
အသက်(၄၅)နှစ်
(တံတားဖြူ၊ လှိုင်မြို့နယ်)

ရန်ကုန်တိုင်း၊ အမှတ်(၁၉၄)၊ နဂါးနိုင်လမ်း၊ (၉)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ (ဦးချန်ထွန်း)-ဒေါ်နှင်းတို့၏ သမီး၊ဦးထွန်းလွင်-ဒေါ်စန်း၊ဦးခင်ထွေး-ဒေါ်အုန်းမြ၊ ဦးမောင်မြ-ဒေါ်သန်းစိန်၊ ဦးဇော်မင်း-ဒေါ်လှလှဝင်း၊ ဒေါ်စိန်ဝင်း၊ ဦးတင်စိုး-ဒေါ်မြထွေးတို့၏ ညီမ၊ ဦးဝင်းမြင့်ဦး-ဒေါ်သန်းသန်းအေး၏ အစ်မ၊ (ဦးစိန်ငွေ)၏ ဇနီး၊ မောင်ကျော်ဇင်ထိုက်၊ ဗိုလ်လောင်းအောင်ကျော်ဦးတို့၏ မွေးသမိခင်သည် ၁၄-၅-၂၀၀၄ ရက် နံနက် ၁း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ထားဝယ်ချောင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ယနေ့ထုတ်
စောင်ရေ
၁၉၇၃၄၈

သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများလိုက်နာ အမှိုက်များစွန့်ခြင်း၊ ကွမ်းတံတွေးထွေးခြင်းများ ဝိုင်းဝန်းတားဆီး ပညာပေးအရေးယူမှုများကို စည်းမျဉ်းစည်းကမ်းအတိုင်း ဆောင်ရွက်

အမှာစကားပြောကြား

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်အမှာစကားပြောကြားစဉ်။ (ထပဆ)

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅နာရီတွင် တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်း)ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်နှင့် ကောလိပ်များမှ ပါမောက္ခချုပ်များနှင့် မော်ကွန်းထိန်းများ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ➩

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များရောက်ရှိ

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ အထူးစီစဉ် ကြိုဆိုပို့ဆောင်ရေး မော်တော်ယာဉ်များဖြင့် ရောက်ရှိလာကြစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၄

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ညီလာခံကိုယ်စားလှယ်များသည် ယနေ့တွင် အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ အထူးစီစဉ် ကြိုဆိုပို့ဆောင်ရေး မော်တော်ယာဉ်များဖြင့် ရောက်ရှိလာကြသည်။

ထိုသို့ရောက်ရှိကြရာတွင် ညီလာခံကိုယ်စားလှယ်များသည် မြန်မာ့မီးရထား ကြိုဆိုရေးစခန်း၊ လေဆိပ်ကြိုဆိုရေးစခန်းနှင့် ကျိုက္ကဆံကြိုဆိုရေးစခန်းတို့မှတစ်ဆင့် ရောက်ရှိလာကြသကဲ့သို့ ညောင်နှစ်ပင်စခန်းသို့ တိုက်ရိုက်လာရောက်ကြသူများလည်း ရှိကြသည်။

ယနေ့ရောက်ရှိလာသော ကိုယ်စားလှယ်များမှာ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မကွေးတိုင်း၊ ပဲခူးတိုင်း(အရှေ့)၊ ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပဲခူးတိုင်း(အနောက်)တို့မှဖြစ်သည်။

ယမန်နေ့တွင်လည်း ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ မကွေးတိုင်းနှင့် မွန်ပြည်နယ်တို့မှ ညီလာခံကိုယ်စားလှယ်များ ရောက်ရှိလာကြသည်။

အဆိုပါညီလာခံကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများက တည်းခိုဆောင်များ၌ နေရာချထားပေးကြသည်။

(သတင်းစဉ်)

မော်တော်ယာဉ်များဖြင့် ရောက်ရှိ

အမျိုးသားညီလာခံသို့ တက်ရောက်ရန် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံကျင်းပမည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စခန်းသို့ အထူးစီစဉ် ကြိုဆိုပို့ဆောင်ရေး မော်တော်ယာဉ်များဖြင့် ရောက်ရှိလာကြစဉ်။ (သတင်းစဉ်)

ထူးခြားမြစ်ရေအခြေအနေသတင်း

ရန်ကုန် မေ ၁၄

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၀၆း၃၀နာရီအချိန် တိုင်းထွာချက်များအရ ခန္တီးမြို့တွင် ၄၂၀ စင်တီမီတာသို့ ရောက်ရှိနေပြီး ၂၄နာရီအတွင်း ၁၉၅ စင်တီမီတာ (၆ပေခွဲ) ခန့် တိုးလာပါသည်။ အဆိုပါ ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်နှစ်ရက်မှ ငါးရက်အတွင်း ချင်းတွင်းမြစ်ရိုးတစ်လျှောက်တွင် လက်ရှိရေမှတ်များ အထက် ၅ပေခန့် ရတ်တရက် မြင့်တက်လာနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်သည်။